မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

**အမှတ် ၁၃ ]** ရန်ကုန်မြို့ { ၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက် ( ၂၀၁၉ ခုနှစ်၊ မတ်လ ၂၉ ရက် ) } **သောကြာနေ့ [ အတွဲ ၇၂**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၁၂/ ၂၀၁၉**

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၁၂ ရက်

(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည် -

| **အမည်၊ ရာထူး၊ ဌာန** | **ခန့်ထားသည့်ရာထူး၊ ဌာန** |
| --- | --- |
| (၁) ဦးသန်းအောင်ကျော်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန<br>ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန |
| (၂) ဒေါက်တာဆွေဆွေအောင်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဥပဒေစိစစ်ရေးဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | ညွှန်ကြားရေးမှူးချုပ်<br>ဥပဒေစိစစ်ရေးဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး |

(ပုံ) ဝင်းမြင့်

နိုင်ငံတော်သမ္မတ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**အမိန့်ကြော်ငြာစာအမှတ် ၁၃/၂၀၁၉**

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၁၃ ရက်

(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည် -

| **အမည်** | **ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန** |
|---|---|
| (၁) ဒေါ်မေတိုးဝင်း | ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာန<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် |
| (၂) ဒေါ်တင်မိုးမိုး | ညွှန်ကြားရေးမှူးချုပ်<br>ငွေကြေးမူဝါဒရေးရာနှင့်<br>ဘဏ်လုပ်ငန်းဥပဒေစည်းမျဉ်းဌာန<br>မြန်မာနိုင်ငံတော်ဗဟိုဘဏ် |

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၁၉**

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၁၂ ရက်

(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်)

**အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်းနှင့် ချီးမြှင့်ငွေသတ်မှတ်ခြင်း**

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဝန်ထမ်းအဖွဲ့အစည်းအသီးသီးရှိ အရာထမ်း၊ အမှုထမ်းအခေါ်အဝေါ်များနှင့် လစာနှုန်းထားများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၅ ခုနှစ်၊ မတ်လ ၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၃/၂၀၁၅ ဖြင့် ပြင်ဆင်သတ်မှတ်ခဲ့ပြီးဖြစ်ပါသည်။

၂။ ယင်းပြင်ဆင်သတ်မှတ်ချက်အရ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၆၄/၂၀၁၇ အရ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ညွှန်ကြာရေးမှူးချုပ် ဦးချစ်ဝေ အား အမြဲတမ်းအတွင်းဝန်/တာဝန်ခံညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခဲ့ရာ ၎င်းသည် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်နေ့တွင် အငြိမ်းစားယူပြီးဖြစ်သဖြင့် ညွှန်ကြားရေးမှူးချုပ်အဆင့် သို့မဟုတ် ယင်းနှင့်တူညီသောအဆင့်တွင် တာဝန်ထမ်းဆောင်နေသည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးစိုးသိန်း အား အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်လိုက်သည်။

၃။ အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသည့် ဦးစိုးသိန်း သည် ညွှန်ကြားရေးမှူးချုပ်အဆင့် သို့မဟုတ် ယင်းနှင့်တူညီသောအဆင့်တွင် ထမ်းဆောင်ရသည့်တာဝန်များအပြင် ဝန်ကြီးဌာန၏တာဝန်များကို

တာဝန်ခံဆောင်ရွက်ရသည့်အတွက် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၏ နည်းဥပဒေ ၆၀ နှင့်အညီ လစဉ်ငွေ ၂၀၀,၀၀၀/- (ကျပ်နှစ်သိန်းတိတိ) ကို လက်ရှိခံစားလျက်ရှိသော လစာနှင့် စရိတ်အပြင် ချီးမြှင့်ငွေအဖြစ် ခံစားခွင့်ပြုလိုက်သည်။

အမိန့်အရ

ဇော်သန်းသင်း

အတွင်းရေးမှူး

ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၉)

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၄ ရက်

(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်)

### ဥပဒေကြမ်းပူးပေါင်းကော်မတီဝင် ပြောင်းလဲတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၂၅/၂၀၁၆) နှင့် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၇၉/၂၀၁၈) များဖြင့် ဖွဲ့စည်းခဲ့သည့် ဥပဒေကြမ်းပူးပေါင်းကော်မတီတွင် ဦးသိန်းလွင် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၀) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် **အစား** ဒေါ်ကျိန်ပိုက်မန် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၇) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အားလည်းကောင်း၊ ဦးစိုးမိုး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် **အစား** ဒေါ်လှငွေး (ခ) ဒေါ်အုန်းကြည် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၄) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အားလည်းကောင်း အဖွဲ့ဝင်များအဖြစ် ပြောင်းလဲတာဝန်ပေးအပ်လိုက်သည်။

(ပုံ) တီခွန်မြတ်

နာယက

ပြည်ထောင်စုလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုလွှတ်တော်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၉)

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၄ ရက်

(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၄ ရက်)

### ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီအဖွဲ့ဝင် ပြောင်းလဲတာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၅၁/၂၀၁၈) ဖြင့် ဖွဲ့စည်းခဲ့သည့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီအဖွဲ့ဝင် ဦးမာန်လောမောင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၈)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် **အစား** ဦးမျိုးဝင်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၈) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အား အဖွဲ့ဝင်အဖြစ် ပြောင်းလဲတာဝန်ပေးအပ်လိုက်သည်။

(ပုံ) တီခွန်မြတ်

နာယက

ပြည်ထောင်စုလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်သူ့လွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၁၉)**

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်

(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်)

**ကော်မတီဥက္ကဋ္ဌ ပြောင်းလဲတာဝန်ပေးအပ်ခြင်း၊ ကော်မတီအဖွဲ့ဝင် ပြောင်းရွှေ့ခြင်း၊ အစားထိုးလဲလှယ်ဖွဲ့စည်းခြင်းနှင့် ပယ်ဖျက်ခြင်း**

၁။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်နေ့တွင် အောက်ဖော်ပြပါ လွှတ်တော်ကိုယ်စားလှယ်အား ယှဉ်တွဲပါကော်မတီတွင် ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်လိုက်သည် -

| စဉ် | အမည်၊ မဲဆန္ဒနယ် | တာဝန် | ကော်မတီ |
|---|---|---|---|
| (က) | ဦးတင်ထွေး<br>ဝေါ မဲဆန္ဒနယ် | ဥက္ကဋ္ဌ | တရားစီရင်ရေးနှင့် ဥပဒေရေးရာ<br>ကော်မတီ |

၂။ အောက်ဖော်ပြပါ ကော်မတီအဖွဲ့ဝင်အား မူလကော်မတီမှ ယှဉ်တွဲပါကော်မတီသို့ ပြောင်းရွှေ့တာဝန်ပေးအပ်လိုက်သည် -

| စဉ် | အမည်၊ မဲဆန္ဒနယ် | မူလကော်မတီ | ပြောင်းလဲပေးအပ်သည့်ကော်မတီ |
|---|---|---|---|
| (က) | ဒေါက်တာဒေါ်သက်သက်ခိုင်<br>ဒဂုံ မဲဆန္ဒနယ် | ဘဏ်များနှင့် ငွေကြေးဆိုင်ရာ<br>ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ | ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှု<br>ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ |

၃။ အောက်ဖော်ပြပါ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအား ယှဉ်တွဲပါ ကော်မတီများတွင် အဖွဲ့ဝင်များအဖြစ် အစားထိုးလဲလှယ်ဖွဲ့စည်းလိုက်သည် -

| စဉ် | ကော်မတီအမည် | ကိုယ်စားလှယ်အမည် |
|---|---|---|
| (က) | နိုင်ငံတကာဆက်ဆံရေးကော်မတီ | ကြည်း ၁၆၅၁၆ ဗိုလ်မှူးချုပ်ဝင်းကိုကို (အစား)<br>ကြည်း ၁၈၁၆၂ ဗိုလ်မှူးချုပ်ဇော်ဝင်း |
| (ခ) | နိုင်ငံသားများ၏ မူလအခွင့်အရေး<br>ဆိုင်ရာကော်မတီ | ကြည်း ၁၈၁၆၂ ဗိုလ်မှူးချုပ်ဇော်ဝင်း (အစား)<br>ကြည်း ၁၆၅၂၈ ဗိုလ်မှူးကြီးစိုးလွင် |

၄။ အောက်ဖော်ပြပါ လွှတ်တော်ကိုယ်စားလှယ်များအား သီးခြားတာဝန်ပေးအပ်ရန်ရှိ၍ ၎င်းတို့နှင့် ယှဉ်တွဲပါ ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအဖြစ်မှ ပယ်ဖျက်လိုက်သည် -

| စဉ် | အမည်၊ မဲဆန္ဒနယ် | တာဝန် | ကော်မတီ |
|---|---|---|---|
| (က) | ဦးအောင်တင်လင်း<br>နတ်မောက် မဲဆန္ဒနယ် | ဥက္ကဋ္ဌ | တရားစီရင်ရေးနှင့် ဥပဒေရေးရာ<br>ကော်မတီ |
| (ခ) | ဦးမြင့်လွင်<br>ပုဗ္ဗန်တောင် မဲဆန္ဒနယ် | အဖွဲ့ဝင် | နိုင်ငံသားများ၏မူလအခွင့်အရေး<br>ဆိုင်ရာကော်မတီ |
| (ဂ) | ဦးစောသလေးစော<br>ရွှေကျင် မဲဆန္ဒနယ် | အဖွဲ့ဝင် | ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့်<br>ဆောက်လုပ်ရေးဆိုင်ရာကော်မတီ |

(ပုံ) တီခွန်မြတ်

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၄/၂၀၁၉)

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၁၀ ရက်

(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်)

### တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သုံးဦး အစားထိုးပြောင်းလဲခြင်း

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်သုံးဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၀၁၈ ခုနှစ်၊ မေလ ၁၅ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၆၁/၂၀၁၈) နှင့် ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၁၆၇/၂၀၁၈) တို့တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သုံးဦးတို့အား ယှဉ်တွဲပါအတိုင်း အစားထိုး ပြောင်းလဲလိုက်သည် -

| | | | |
|---|---|---|---|
| (၁) | ကြည်း ၂၂၃၈၅<br>ဗိုလ်မှူးကြီး မိုးမင်းသိန်း | **အစား** | ကြည်း ၂၀၇၂၆<br>ဗိုလ်မှူးကြီး မောင်ဆန်း |
| (၂) | ရေ ၄၀၈၉<br>ဗိုလ်မှူး ဇော်မင်းဦး | **အစား** | ရေ ၃၈၅၆<br>ဗိုလ်မှူး ချစ်ညီညီ |
| (၃) | ကြည်း ၆၃၁၁၂<br>ဗိုလ်ကြီး ဒေါ်ဇင်ဇင်အောင် | **အစား** | ကြည်း ၆၃၁၀၈<br>ဗိုလ်ကြီး ဒေါ်သိမ့်သီရိထွေးအောင် |

လှသိန်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၅/၂၀၁၉)

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၁၀ ရက်

(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်)

### တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် လေးဦး အစားထိုးပြောင်းလဲခြင်း

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လေးဦးကို အမည်စာရင်း ပြောင်းလဲလိုကြောင်း အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၂/၂၀၁၆)၊ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၂၇/၂၀၁၆)၊ ၂၀၁၈ ခုနှစ်၊ မေလ ၁၅ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၆၂/၂၀၁၈) နှင့် ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၁၆၈/၂၀၁၈) တို့တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် လေးဦးတို့အား ယှဉ်တွဲပါအတိုင်း အစားထိုး ပြောင်းလဲလိုက်သည် -

| | | | |
|---|---|---|---|
| (၁) | ကြည်း ၂၈၈၀၁<br>ဗိုလ်မှူး တင်လတ် | **အစား** | ကြည်း ၂၈၇၃၃<br>ဗိုလ်မှူး ဝင်းလွင်ဦး |
| (၂) | ကြည်း ၃၅၃၅၇<br>ဗိုလ်မှူး သက်ဝင်း | **အစား** | ကြည်း ၂၈၃၄၀<br>ဗိုလ်မှူး ကျော်မိုးနိုင် |

| | | |
|---|---|---|
| (၃) ကြည်း ၃၇၂၆၄<br>ဗိုလ်မှူး သက်မင်းဦး | **အစား** | ကြည်း ၃၈၀၆၆<br>ဗိုလ်မှူး တင်အောင်ဟိန်း |
| (၄) ကြည်း ၆၃၁၀၆<br>ဗိုလ်ကြီး ဒေါ်ပန်းအိစံ | **အစား** | ကြည်း ၆၃၀၉၈<br>ဗိုလ်ကြီး ဒေါ်ဝင်းသီရိဆွေ |

လှသိန်း

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၆/၂၀၁၉)

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၁၀ ရက်

(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်)

### တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦး အစားထိုးပြောင်းလဲခြင်း

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦးကို အမည်စာရင်း ပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၃/၂၀၁၆)၊ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၃၁/၂၀၁၇) နှင့် ၂၀၁၈ ခုနှစ်၊ မေလ ၁၅ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၆၃/၂၀၁၈) တို့တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦးအား ယှဉ်တွဲပါအတိုင်း အစားထိုး ပြောင်းလဲလိုက်သည် -

**ကချင်ပြည်နယ်လွှတ်တော်**

| | | |
|---|---|---|
| (၁) ကြည်း ၂၄၃၂၉<br>ဗိုလ်မှူး အောင်ဆန်းဝင်း | **အစား** | ကြည်း ၃၉၇၀၆<br>ဗိုလ်မှူး ဝင်းသက်နိုင်မြင့် |
| (၂) ကြည်း ၄၃၂၀၃<br>ဗိုလ်ကြီး ဖြိုးဝေမြင့် | **အစား** | ကြည်း ၅၆၆၇၁<br>ဗိုလ်ကြီး ထင်ဦး |

**ချင်းပြည်နယ်လွှတ်တော်**

| | | |
|---|---|---|
| (၃) ကြည်း ၄၃၃၆၇<br>ဗိုလ်ကြီး ဖြိုးဖြိုး | **အစား** | ကြည်း ၅၆၀၇၁<br>ဗိုလ်ကြီး ညဏ်လင်းဖြိုး |

**မကွေးတိုင်းဒေသကြီးလွှတ်တော်**

| | | |
|---|---|---|
| (၄) ကြည်း ၄၅၀၂၀<br>ဗိုလ်ကြီး ဖြူဝင်း | **အစား** | ကြည်း ၅၂၆၃၁<br>ဗိုလ်ကြီး တင်မောင်လွင် |
| (၅) ကြည်း ၄၅၅၇၇<br>ဗိုလ်ကြီး မျိုးထွန်းလင်း | **အစား** | ကြည်း ၅၁၈၄၉<br>ဗိုလ်ကြီး နေလွင်ထူး |

**မန္တလေးတိုင်းဒေသကြီးလွှတ်တော်**

| | | |
|---|---|---|
| (၆) ကြည်း ၂၁၈၆၉<br>ဗိုလ်မှူး ခင်မောင်မြင့် | **အစား** | ကြည်း ၃၇၉၀၉<br>ဗိုလ်မှူး အေးလင်းထွန်း |

**ရှမ်းပြည်နယ်လွှတ်တော်**

| | | |
|---|---|---|
| (၇) ကြည်း ၃၉၉၇၇<br>ဗိုလ်ကြီး ကျော်သူဝင်း | **အစား** | ကြည်း ၃၉၃၈၂<br>ဗိုလ်ကြီး ဟန်လင်းထွန်း |

လှသိန်း
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၉**

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်

(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်)

**ရှမ်းပြည်နယ်၊ တာချီလိတ်မြို့၊ အိမ်အမှတ် (၁/၅၇)၊ အကွက်အမှတ် (၁၆)၊ ဦးပိုင်အမှတ် (၂၆)၊ ဗိုလ်ချုပ်လမ်းနှင့် ခတ္တာလမ်းထောင့်၊ ဆန်ဆိုင်း အရှေ့မြောက်အရပ်၊ ဆန်ဆိုင်း (က) ရှိ မြေနှင့် အဆောက်အအုံ (၂) လုံးကို ပုဂ္ဂလိကသို့ လွှဲပြောင်းပေးရေးကိစ္စ**

၁။ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်၏ တတိယအကြိမ်မြောက် အိတ်ဖွင့်တင်ဒါဖွင့်ပွဲ၌ ရှမ်းပြည်နယ်၊ တာချီလိတ်မြို့၊ အိမ်အမှတ် (၁/၅၇)၊ အကွက်အမှတ် (၁၆)၊ ဦးပိုင်အမှတ် (၂၆)၊ ဗိုလ်ချုပ်လမ်းနှင့် ခတ္တာလမ်းထောင့်၊ ဆန်ဆိုင်းအရှေ့မြောက်အရပ်၊ ဆန်ဆိုင်း (က) ရှိ မြေ (၀. ၁၁၈) ဧကနှင့် RC (၁) ထပ် (၅၄' × ၅၃')၊ အုတ်ကာသွပ်မိုး (၁) ထပ် (၂၂' × ၄၀')၊ အဆောက်အအုံ (၂) လုံးကို အမြင့်ဆုံး အဆိုပြုဈေးနှုန်း ကျပ် ၁၃၁၂ သန်းဖြင့် အဆိုပြုသူ ဒေါ်နန်းခမ်း (ရွှေနန်းစံခရီးသွားလာရေးကုမ္ပဏီ) ကို ဝယ်ယူခွင့်ပြုခဲ့ပါသည်။

၂။ ဒေါ်နန်းခမ်း (ရွှေနန်းစံခရီးသွားလာရေးကုမ္ပဏီ) သည် အဆိုပါ မြေနှင့်အဆောက်အအုံ (၂) လုံး တန်ဖိုး၏ ၃၀ ရာခိုင်နှုန်း ကျပ် ၃၉၃. ၆၀ သန်းကို ၂၀၁၈ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့နှင့် တန်ဖိုး၏ ၇၀ ရာခိုင်နှုန်း ကျပ် ၉၁၈. ၄၀ သန်းကို ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်နေ့တို့တွင် အကျေပေးသွင်းပြီးဖြစ်၍ ပြည်ထဲရေးဝန်ကြီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနက ဒေါ်နန်းခမ်း (ရွှေနန်းစံခရီးသွားလာရေးကုမ္ပဏီ) သို့ အရောင်းအဝယ်စာချုပ် ချုပ်ဆိုပြီး စာချုပ်စာတမ်းမှတ်ပုံတင်၍ လွှဲပြောင်းပေးရန် ဖြစ်ပါသည်။

၃။ ဒေါ်နန်းခမ်း (ရွှေနန်းစံခရီးသွားလာရေးကုမ္ပဏီ) အနေဖြင့် နိုင်ငံတော်ပိုင် မြေနှင့် အဆောက်အအုံကို ဝယ်ယူရာတွင် ဝင်ငွေခွန်နှင့် တံဆိပ်ခေါင်းခွန်တို့ ထမ်းဆောင်၍ စာချုပ် ချုပ်ဆိုခြင်းတို့ကို ဆောင်ရွက်ပြီးမှသာလျှင် လွှဲပြောင်းရရှိမည်ဖြစ်ပါသည်။

၄။ ရှမ်းပြည်နယ်၊ တာချီလိတ်မြို့၊ အိမ်အမှတ် (၁/၅၇)၊ အကွက်အမှတ် (၁၆)၊ ဦးပိုင်အမှတ် (၂၆)၊ ဗိုလ်ချုပ်လမ်းနှင့် ခတ္တာလမ်းထောင့်၊ ဆန်ဆိုင်းအရှေ့မြောက်အရပ်၊ ဆန်ဆိုင်း (က) ရှိ မြေ (၀. ၁၁၈) ဧကနှင့် RC (၁) ထပ် (၅၄' × ၅၃')၊ အုတ်ကာသွပ်မိုး (၁) ထပ် (၂၂' × ၄၀')၊ အဆောက်အအုံ (၂) လုံးကို ဝယ်ယူသူ ဒေါ်နန်းခမ်း (ရွှေနန်းစံခရီးသွားလာရေးကုမ္ပဏီ) ၏ အမည်ပေါက်မြေဂရန်ထုတ်ပေးရေးကို တာချီလိတ်မြို့တွင် မြို့မြေစီမံခန့်ခွဲရေးကို တာဝန်ယူဆောင်ရွက်နေသော ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်ပေးရန် ဖြစ်ပါသည်။

၅။ ပြည်ထဲရေးဝန်ကြီးဌာနသည် လွှဲပြောင်းရောင်းချပြီးစီးကြောင်းကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ အတည်ပြုချက် ရယူရမည်ဖြစ်ပြီး ဆောင်ရွက်ပြီးစီးမှုကို မှတ်တမ်းတင်ထားရှိနိုင်ရန်အတွက် ပုဂ္ဂလိကပိုင် ပြုလုပ်ရေးကော်မရှင်ရုံးသို့ အစီရင်ခံတင်ပြရန်ဖြစ်ပါသည်။

အမိန့်အရ

မောင်မောင်ဝင်း
တွဲဖက်အတွင်းရေးမှူး
ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၉)

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်
(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂၂ ရက်)

### ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ အဖွဲ့ဝင် အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်း

မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့သည် ၂၀၁၄ ခုနှစ်၊ မြန်မာအထူးစီးပွားရေးဇုန် ဥပဒေ အခန်း (၅)၊ ပုဒ်မ (၉)၊ ပုဒ်မခွဲ (ဃ) အရ ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီ အဖွဲ့ဝင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဒေါက်တာဆန်းဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် **အစား** သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဦးစိုးနိုင်၊ ညွှန်ကြားရေးမှူးဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

(ပုံ) ဟင်နရီဗန်ထီးယူ
ဥက္ကဋ္ဌ
မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## နိုင်ငံခြားရေးဝန်ကြီးဌာန

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၁၀ ရက်
(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်)

အမှတ် ၁၀၇/၂၀၁၉ ။ ။ ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး သူရဦးသက်ဦးမောင် အား ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့မှစတင်၍ ယခင်ငြင်းပယ်ခဲ့သည့် အငြိမ်းစားယူရန် ကြိုတင် ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပြီး ခွင့်ရက်များကုန်ဆုံးသည့် ၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၄ ရက်နေ့မှအစပြု၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အခန်း (၂၁)၊ အပိုဒ် ၂၃၃ (က) အရ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

အမိန့်အရ

အောင်ဆန်းစုကြည်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
နိုင်ငံခြားရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထဲရေးဝန်ကြီးဌာန

### အမိန့်ကြော်ငြာစာ (၁၆၈၇/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၁၀ ရက်

(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၇ ရက်)

၁၈၉၄ ခုနှစ်၊ မြေသိမ်းအက်ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (၁) အရ အောက်ဖော်ပြပါမြေများကို အများပြည်သူအကျိုးငှာ **လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန** မှ **ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ်** မြေနေရာအဖြစ် အသုံးပြုရန်အလို့ငှာ **ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန** မှ အလိုရှိကြောင်း ကြေညာလိုက်သည် -

**မြေတည်ရှိရာဒေသ**

| **တိုင်းဒေသကြီး** | **မြို့နယ်** | **ကျေးရွာအုပ်စုအမည်** | **ကွင်းအမှတ်/အမည်** | **ဦးပိုင်ပေါင်း** | **မြေဧရိယာ (ဧက)** |
|---|---|---|---|---|---|
| ပဲခူး | ပဲခူး | ဝါးမရမ်း | OSS/ကြေးတိုင်ပြင်ကွင်း၊<br>OSS ၇၅/ကြေးတိုင်ပြင်ကွင်း၊<br>OSS ၇၆/ကြေးတိုင်ပြင်ကွင်း၊<br>၆၂၁/ဘိုးလဘေကွင်း၊<br>၁၁၇၅^က/ဝါးမရမ်းအရှေ့ကွင်း၊<br>၁၁၇၅^ခ/ဝါးမရမ်းရွာမကွင်း၊<br>၁၃၁၇/တကူပွဲ့န်ကွင်း | ၆၅၇ ခု | လယ်မြေ - ၆၇၂. ၄၅<br>ဥယျာဉ်မြေ - ၂၈၅၄. ၅၅ |
| ပဲခူး | ပဲခူး | ညောင်အင်း | ၆၂၄^က/ညောင်အင်းအနောက်မြောက်ကွင်း၊<br>၁၃၁၄/တကူပွဲ့န်တောင်ကွင်း၊<br>၁၃၅၆/ကုလားကွင်း၊<br>၁၃၅၇/တကူပွဲ့န်အနောက်ကွင်း၊<br>၁၃၅၈/ခတ္တိယကွင်း၊ | ၇၆ ခု | လယ်မြေ - ၁၇၇. ၆၉<br>ဥယျာဉ်မြေ - ၆၁၇. ၃၁ |
| ပဲခူး | ပဲခူး | လေးအိမ်စု | OSS၇၈/ကြေးတိုင်ပြင်ကွင်း၊ | ၈ ခု | ဥယျာဉ်မြေ - ၃၅. ၀၀ |
| ပဲခူး | ပဲခူး | မဲခုန် | ၁၁၉၉/ကြေးတိုင်ပြင်ကွင်း | ၅ ခု | ဥယျာဉ်မြေ - ၃၅. ၀၀ |
| **စုစုပေါင်း** | | **ကျေးရွာအုပ်စု (၄) အုပ်စု** | **ကွင်းပေါင်း (၁၄) ကွင်း** | **၇၄၆ ခု** | **လယ်မြေပေါင်း - ၈၅၀. ၁၄**<br>**ဥယျာဉ်မြေပေါင်း - ၃၅၄၁. ၈၆** |
| | | | | **စုစုပေါင်းမြေဧရိယာ - ၄၃၉၂. ၀၀** | |

မြေသိမ်းအက်ဥပဒေပုဒ်မ ၃၊ အပိုဒ်ခွဲ (ဂ) တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်များအရ ပဲခူးခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးအား အထက်ဖော်ပြပါဒေသရှိ မြေသိမ်းယူခြင်းကိစ္စအဝဝကို အရေးယူဆောင်ရွက်ရန် ကော်လိတ္တော်အရာရှိအဖြစ် ခန့်ထားလိုက်သည်။

သိမ်းယူမည့်မြေနှင့်စပ်လျဉ်း၍ မြေသိမ်းအက်ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (၂) တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ဆောင်ရွက်နိုင်ရန် ပဲခူးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူးသို့ လုပ်ပိုင်ခွင့်အပ်နှင်းလိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၆၈၈/၂၀၁၈)

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးခရိုင်၊ ပဲခူးမြို့နယ်၊ ဝါးမရမ်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-OSS/ကြေးတိုင်ပြင်ကွင်း၊ ဦးပိုင်အမှတ် (-) မှ **မြေဧရိယာ ၅၈၆. ၀၀ ဧက**၊ ကွင်းအမှတ်/အမည်-OSS ၇၅/ကြေးတိုင်ပြင်ကွင်း၊ ဦးပိုင်အမှတ် (-) မှ **မြေဧရိယာ ၁၅၄၀. ၀၀ ဧက**၊ ကွင်းအမှတ်/အမည်-OSS ၇၆/ကြေးတိုင်ပြင်ကွင်း၊ ဦးပိုင်အမှတ် (-) မှ **မြေဧရိယာ ၁၀. ၀၀ ဧက**၊ ကွင်းအမှတ်/အမည်- ၁၁၇၅<sup></sup>က/ဝါးမရမ်းအရှေ့ကွင်း၊ ဦးပိုင်အမှတ် (-) မှ **မြေဧရိယာ ၃. ၀၀ ဧက** နှင့် ကွင်းအမှတ်/အမည်-၁၁၇၅ခ/ဝါးမရမ်းရွာမကွင်း၊ ဦးပိုင်အမှတ် (-) မှ **မြေဧရိယာ ၃၂. ၀၀ ဧက**၊ ကွင်းအမှတ်/အမည်-၁၃၁၇/တကူပြွန်ကွင်း၊ ဦးပိုင်အမှတ် (-) မှ **မြေဧရိယာ ၁၅. ၀၀ ဧက**၊ ညောင်အင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် - ၆၂၄က/ညောင်အင်းအနောက်မြောက်ကွင်း၊ ဦးပိုင်အမှတ် (-) မှ **မြေဧရိယာ ၃. ၀၀ ဧက** နှင့် ကွင်းအမှတ်/အမည်-၁၃၁၄/တကူပြွန်တောင်ကွင်း၊ ဦးပိုင်အမှတ် (-) မှ **မြေဧရိယာ ၄. ၀၀ ဧက**၊ စုစုပေါင်း **မြေဧရိယာ ၂၁၉၃. ၀၀ ဧက** အား **လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန** မှ **ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ်** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန** မှ အသုံးမပြုသောရက်တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၁၆၈၉/၂၀၁၈)

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ တောင်ဘီကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-၁၅၂၂/ပုဂံကွင်း၊ ဦးပိုင်အမှတ် (၁၄၆/၄၃၈)၊ **မြေဧရိယာ ၁၁. ၀၇ ဧက** အား **ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲရုံး)** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန** မှ အသုံးမပြုသောရက်တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၁၆၉၀/၂၀၁၈)

ကယားပြည်နယ်၊ ဘောလခဲခရိုင်၊ ဘောလခဲမြို့၊ ရှမ်းပိုင်းရပ်ကွက်၊ ကွင်းအမှတ်/အမည်-၃ (ဂ)/ကျောက်တိုင်ကွင်း၊ ဦးပိုင်အမှတ် (၂၀၈၊ ၂၁၀၊ ၂၁၈) **မြေဧရိယာ ၀. ၂၂၉ ဧက** အား နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ **ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး (ဝန်ထမ်းအိမ်ရာ)** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **နယ်စပ်ရေးရာဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **နယ်စပ်ရေးရာဝန်ကြီးဌာန** မှ အသုံးမပြုသောရက်တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၁၆၉၁/၂၀၁၈)

ကယားပြည်နယ်၊ ဘောလခဲခရိုင်၊ ဘောလခဲမြို့၊ ရှမ်းပိုင်းရပ်ကွက်၊ ကွင်းအမှတ်/အမည်-၁ (ခ)/စုစည်းတောင်ကွင်း၊ ဦးပိုင်အမှတ်-၁၄၁၊ **မြေဧရိယာ ၀. ၄၅၈ ဧက** အား နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ **ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **နယ်စပ်ရေးရာဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **နယ်စပ်ရေးရာဝန်ကြီးဌာန** မှ အသုံးမပြုသောရက်တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၁၆၉၂/၂၀၁၈)

စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးခရိုင်၊ ဟုမ္မလင်းမြို့၊ နောင်ပကျစ်ရပ်ကွက်၊ အကွက်အမှတ်/အမည်-၇/ နောင်ပကျစ်တောင်ပေါ်၊ ဦးပိုင်အမှတ် (၂၈၄)၊ **မြေဧရိယာ ၀. ၁၈၄ ဧက** အား ငါးလုပ်ငန်းဦးစီးဌာန၊ **ဟုမ္မလင်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနရုံး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** မှ အသုံးမပြုသောရက်တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၁၆၉၃/၂၀၁၈)

ရှမ်းပြည်နယ်၊ လွိုင်လင်ခရိုင်၊ မိုင်းရှူးမြို့နယ်၊ ပန်စွဲကျေးရွာအုပ်စု၊ ကွင်းအမည်-ပန်စွဲရွာအနောက်ကွင်း၊ ဦးပိုင်အမှတ် (N)၊ **မြေဧရိယာ ၂၂၃. ၅၀ ဧက** အား **အမှတ် (၁၄၉) ခြေလျင်တပ်ရင်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန်အမိန့်ဆင့်ဆိုချက် ၃၃၃ အရ **ကာကွယ်ရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ကာကွယ်ရေးဝန်ကြီးဌာန** မှ အသုံးမပြုသောရက်တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၁၆၉၄/၂၀၁၈)

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ဇီးပင်ကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ်-ကြေးတိုင်ပြင်၊ ဦးပိုင်အမှတ် (N-၁)၊ **မြေဧရိယာ ၅၆၅. ၈၈ ဧက** အား မီးသတ်ဦးစီးဌာန၊ **ဗဟိုမီးသတ်သင်တန်းကျောင်း (ပြင်ဦးလွင်မြို့နယ်)** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပြည်ထဲရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြည်ထဲရေးဝန်ကြီးဌာန** မှ အသုံးမပြုသောရက်တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၁၆၉၅/၂၀၁၈)

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင်၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ) ရပ်ကွက်၊ ကွင်းအမှတ်-E-၁၄၊ ဦးပိုင်အမှတ် (E-၁၄/တ) **အောင်မြေမင်္ဂလာကျောင်းတိုက်** မူလသာသနာ့ **မြေဧရိယာ ၃၄. ၉၅၀၂ ဧက** အနက်မှ **၀. ၀၂၀၇ ဧက** ကို ဗုဒ္ဓသိမ်မြေအဖြစ်အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အထက်မြန်မာနိုင်ငံမြေနှင့် အခွန်နည်းဥပဒေ ၅၃ (က) နှင့်အညီ သိမ်ဒါယိကာမ ဒေါ်လှစန်းဦး [၉/မနတ (နိုင်) ၀၀၇၆၆၈] အား ဗုဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၁၆၉၆/၂၀၁၈)

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ်၊ ဇောင်ချမ်းကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-၇၂၇/ဇောင်ချမ်းကုန်း၊ ဦးပိုင်အမှတ် (၇၈၊ ၇၉) ရှိ **ညောင်ကုန်းရွာဦးဘုန်းတော်ကြီးကျောင်း** အခွန်လွတ်သာသနာ့ **မြေဧရိယာ ၁. ၉၁ ဧက** အနက်မှ **၀. ၀၃ ဧက** ကို ဗုဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အထက်မြန်မာနိုင်ငံမြေနှင့် အခွန်နည်းဥပဒေ ၅၃ (က) နှင့်အညီ **သိမ်ဒါယကာ ဦးထွန်းထွန်းဝင်း [၉/မရတ (နိုင်) ၀၁၉၈၆၇]** အား ဗုဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၁၇၀၀/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၁၄ ရက်

(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ မူလပိုင်ရှင်ထံ ပြန်လည်ပေးအပ်ရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ မြင်းမူမြို့နယ်၊ အလ္လကပ္ပကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-၃၀၈/ယွန်းကျောင်းမြောက်၊ မြေအမျိုးအစား-လ/န-၃၉ ကျပြီးမြေ၊ ဦးပိုင်အမှတ် - (၁၁၈/၁၊ ၁၁၈/၂၊ ၁၁၉၊ ၁၂၂၊ ၁၂၃) ရှိ **စုစုပေါင်းမြေဧရိယာ ၁၀. ၀၁ ဧက** ကို ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၂၉ ရက်တွင် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်စွဲပါ စာအမှတ်၊ ၁၈၈၁/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၈ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၁၀. ၀၁ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၇၀၁/၂၀၁၈)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ အသုံးပြုရန်မရှိသဖြင့် မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ သံဖြူဇရပ်မြို့နယ်၊ ကြာကန်ရပ်ကွက်၊ ကွင်းအမှတ်/အမည် (၉၂၁-ခ/ ဝါခရူတောင်)၊ မြေအမျိုးအစား-G၊ ဦးပိုင်အမှတ် (၁၄၉) ရှိ **စုစုပေါင်းမြေဧရိယာ ၃. ၇၈၀ ဧက** ကို ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၉ ရက်တွင် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်စွဲပါ စာအမှတ်၊ ၁၈၃၇/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၈ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၃. ၇၈၀ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၇၀၂/၂၀၁၈)

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ မင်းတပ်မြို့ အဆင့်မြင့် စည်ပင်သာယာဈေးသစ် ဆောက်လုပ်ရန်အတွက် ချင်းပြည်နယ်၊ မင်းတပ်ခရိုင်၊ မင်းတပ်မြို့နယ် စံပြရပ်ကွက်၊ ကွင်းအမှတ်/အမည် (၂/စံပြ)၊ မြေအမျိုးအစား-မြို့မြေ၊ မြေကွက်အမှတ် (၁၄၉/က)၊ ဦးပိုင်အမှတ် (၉၁/က) ရှိ **စုစုပေါင်းမြေဧရိယာ ၀. ၀၅၃ ဧက** ကို ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်တွင် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်စွဲပါ စာအမှတ်၊ ၁၉၂၅/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၈ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၀. ၀၅၃ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၇၀၃/၂၀၁၈)

ပြည်ထဲရေးဝန်ကြီးဌာန၏ ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်စွဲပါ မြေလွှဲအမိန့်ကြော်ငြာစာအမှတ် (၁၀၆၇/၂၀၁၈) ဖြင့် စက်မှုဝန်ကြီးဌာန၊ အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်းသို့ လွှဲပြောင်းပေးခဲ့သည့် **မူလရှိ မြေဧရိယာ ၃၉၆. ၆၉ ဧက** အနက်မှ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပန်းတောင်းမြို့နယ်၊ ညောင်ခြေထောက်

ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-၁၆၅/ညောင်ခြေထောက်မြောက်၊ မြေအမျိုးအစား-စက်ရုံမြေ၊ မြေကွက်အမှတ် (၁၂၇/၉၄၁၊ ၁၂၇/၉၄၂၊ ၁၃၃/၉၄၃) ရှိ **မြေဧရိယာ ၈. ၇၁ ဧက** ကို ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၃၁ ရက်တွင် နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်စွဲပါ စာအမှတ်၊ ၁၈၈၀/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၈ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

စက်မှုဝန်ကြီးဌာန၊ အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်းမှ စွန့်လွှတ်အပ်နှံလာသည့် **မြေဧရိယာ ၈. ၇၁ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

ပြည်ထဲရေးဝန်ကြီးဌာန၏ မြေလွှဲအမိန့်ကြော်ငြာစာဖြင့် လွှဲပြောင်းပေးခဲ့သော **မြေဧရိယာ ၃၉၆. ၆၉ ဧက** အနက် ပြန်လည်စွန့်လွှတ်ပြီး **ကျန်မြေဧရိယာ ၃၈၇. ၉၈ ဧက** ကို စက်မှုဝန်ကြီးဌာနမြေအဖြစ် အသုံးပြုရန် အမိန့်ပြင်ဆင်သတ်မှတ်လိုက်သည်။

စက်မှုဝန်ကြီးဌာနမြေအဖြစ် အသုံးပြုရန် အမိန့်ပြင်ဆင်သတ်မှတ်သည့် **မြေဧရိယာ ၃၈၇. ၉၈ ဧက** ကို စက်မှုဝန်ကြီးဌာနမှ အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၁၇၀၄/၂၀၁၈)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်နှင့် ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်တို့တွင် အသုံးပြုရန်မရှိသဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးဝမြို့နယ်နှင့် ကလေးမြို့နယ်တို့အတွင်းရှိ **မူလရှိမြေဧရိယာ ၁၂. ၂၇၈** အနက် **ဧရိယာ ၁၂. ၀၃၃ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်စွဲပါ စာအမှတ်၊ ၁၈၈၄/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၈ ဖြင့်လည်းကောင်း၊ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်စွဲပါ စာအမှတ်၊ ၁၈၉၃/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၈၊ ၁၈၉၄/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၈ နှင့် ၁၈၉၅/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၈ တို့ဖြင့်လည်းကောင်း နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည် -

| စဉ် | မြို့နယ် | ရပ်ကွက်/ ကျေးရွာ အုပ်စုအမည် | ကွင်းအမှတ်/ အမည် | ဦးပိုင်/ မြေကွက် အမှတ် | မြေ အမျိုး အစား | မြေ ဧရိယာ | အပ်နှံသည့် ဌာနအမည် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| ၁ | ကလေးဝ | အမှတ် (၁) ရပ်ကွက် | ၉/အောင် ရတနာ | ၂၂/၁ | မြို့မြေ အကွက် အမှတ် I | ၁. ၀၁၃ | စားသုံးသူရေးရာ ဦးစီးဌာန | ပိုလျှံ၍စွန့် လွှတ်ခြင်း |
| ၂ | ကလေး | ပျဉ်းခုံကြီး | ၈၂၉/၇၊ မော်စီအရှေ့ | ၆၇ | ရွာမြေ | ၂. ၀၁ | စားသုံးသူရေးရာ ဦးစီးဌာန | ပိုလျှံ၍စွန့် လွှတ်ခြင်း |
| ၃ | ကလေး | ခုံတိုးမြို့သာ | ၇၇/ခုံတိုးရွာ ကွင်း | ၉၄၈၊ ၉၄၉၊ ၉၅၀ | ရွာမြေ | ၆. ၈၉ | စားသုံးသူရေးရာ ဦးစီးဌာန | ပိုလျှံ၍စွန့် လွှတ်ခြင်း |
| ၄ | ကလေး | ထိုမာ ကျေးရွာ | ၈၈၇/ထိုမာ အလယ်ကွင်း | ၃၅၄ | ရွာမြေ | ၂. ၁၂ | စားသုံးသူရေးရာ ဦးစီးဌာန | ပိုလျှံ၍စွန့် လွှတ်ခြင်း |
| | | **စုစုပေါင်းမြေဧရိယာ** | | | | **၁၂. ၀၃၃** | | |

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **စုစုပေါင်းမြေဧရိယာ ၁၂. ၀၃၃ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ်သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၇၃၀/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၅ ရက်

(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်)

၁။ ချင်းပြည်နယ်၊ မင်းတပ်ခရိုင်၊ ကန်ပက်လက်မြို့နယ်၊ ကျင်ဒွေးကျေးရွာအုပ်စုရှိ ကျင်ဒွေး၊ ဟုတ်ပုံကျင်း၊ ဖုံးတွီကျင်း၊ ဖာဖုတ်ကျေးရွာ (၄) ရွာအား စုစည်း၍ ကျင်ဒွေး၊ ဟုတ်ပုံကျင်း၊ ဖုံးတွီကျင်း၊ ထန်းကုန်း ရပ်ကွက် (၄) ရပ်ကွက်ပါဝင်သော ကျင်ဒွေးမြို့အဖြစ် တိုးချဲ့ဖွဲ့စည်းပြီး ကျန်ရှိသည့် အောက်လှယ်နှင့် ကျောက်ပုံကျင်း ကျေးရွာ (၂) ရွာကို အောက်လှယ်ကျေးရွာအုပ်စုအဖြစ် အမည်ပြောင်းလဲဖွဲ့စည်းခြင်းကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

**(က) မြို့ (၁) မြို့ တိုးချဲ့ဖွဲ့စည်းခြင်း**

| **မြို့** | **ရပ်ကွက်** |
|---|---|
| (၁) ကျင်ဒွေး | (၁) ကျင်ဒွေး |
| | (၂) ဟုတ်ပုံကျင်း |
| | (၃) ဖုံးတွီကျင်း |
| | (၄) ထန်းကုန်း |

**( ခ ) ကျေးရွာအုပ်စု (၁) အုပ်စုအမည်ပြောင်းလဲဖွဲ့စည်း၍ ကျေးရွာ (၄) ရွာပယ်ဖျက်ခြင်း**

| **မူလ ကျေးရွာအုပ်စု** | **မူလကျေးရွာ** | **ပြုပြင်ဖွဲ့စည်းပြီး ကျေးရွာအုပ်စု** | **ပြုပြင်ဖွဲ့စည်းပြီး ကျေးရွာ** |
|---|---|---|---|
| (၁) ကျင်ဒွေး | (၁) **ကျင်ဒွေး** | (၁) အောက်လှယ် | (၁) အောက်လှယ် |
| | (၂) **ဟုတ်ပုံကျင်း** | | (၁) ကျောက်ပုံကျင်း |
| | (၃) **ဖုံတွီကျင်း** | | |
| | (၄) **ဖာဖုတ်** | | |
| | (၅) အောက်လှယ် | | |
| | (၆) ကျောက်ပုံကျင်း | | |

၂။ အထက်ဖော်ပြပါအတိုင်း ချင်းပြည်နယ်၊ မင်းတပ်ခရိုင်၊ ကန်ပက်လက်မြို့နယ်၊ ကျင်ဒွေးကျေးရွာအုပ်စုရှိ ကျေးရွာ (၄) ရွာအား စုစည်း၍ ရပ်ကွက် (၄) ရပ်ကွက်ပါဝင်သော ကျင်ဒွေးမြို့အဖြစ် တိုးချဲ့ဖွဲ့စည်းပြီး ကျန်ရှိသောကျေးရွာ (၂) ရွာအား အောက်လှယ်ကျေးရွာအုပ်စုအဖြစ် အမည်ပြောင်းလဲဖွဲ့စည်းခြင်းကြောင့် ကန်ပက်လက်မြို့နယ်အတွင်း ပါဝင်သည့် မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာများ၏ ဖွဲ့စည်းတည်ရှိမှု ဧရိယာအကျယ်အဝန်းနှင့် နယ်နိမိတ်အလားအလာသတ်မှတ်ချက်များသည် ကန်ပက်လက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အမှုတွဲတွင်ပါရှိသည့်အတိုင်း ဖြစ်သည်။

## အမိန့်ကြော်ငြာစာ (၁၇၃၃/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၁၅ ရက်

(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်)

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့နယ်၊ တင်းတိပ်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-၇၈၅ ^၁၃၁၁^/ဥတ္တမရာဇ်ကံ၊ ဦးပိုင်အမှတ် (၇၇/၄-က^၂^)၊ **မဟာစကြာကျောင်းတိုက်** အခွန်လွတ်သာသနာ **မြေဧရိယာ ၂. ၉၄ ဧက** အနက်မှ **မြေဧရိယာ ၀. ၁၄၇ ဧက** ကို ဗုဒ္ဓသိမ်မြေအဖြစ်အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၃ (က) နှင့်အညီ သိမ်ဒါယကာ ဦးဇော်နိုင် [၁၀/မလမ (နိုင်) ၀၂၅၆၁၇] အား ဗုဒ္ဓသိမ်မြေဂရန်ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၁၇၃၄/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၁၄ ရက်
(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်)

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ နှမ်းကြဲကျေးရွာအုပ်စု၊ ကွင်းအမှတ်/ အမည်-၄၉၉/ ချောင်းဝန်း၊ ဦးပိုင်အမှတ် (၃၀/၂ ) မှ **ဇေယျသုခစာသင်တိုက် (ဟားခါးကျောင်း)** အခွန်လွတ်သာသနာ့ **မြေဧရိယာ ၀. ၃၁ ဧက** အနက်မှ **၀. ၀၄၀ ဧက** ကို ဗဒ္ဓသိမ်မြေအဖြစ်အသုံးပြုရန် အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၃ (က) နှင့်အညီ **သိမ်ဒါယကာ ဦးကျော်ဆန်း [၅/စကန (နိုင်) ၀၃၆၁၉၈]** အား ဗဒ္ဓသိမ်မြေဂရန်ထုတ်ပေး ခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၁၇၃၈/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၅ ရက်
(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်)

စက်မှုဝန်ကြီးဌာန၊ အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ် (၂၇) စက်မှုကုန်ကြမ်းဌာန (ကျိုက်ထို) မှ အသုံးပြုရန်မရှိသဖြင့် ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်တွင် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ တောင်ငူမြို့နယ်၊ ကျောက်တိုင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-OSS-၁/ကျောက်တိုင်၊ မြေအမျိုးအစား- မြေရိုင်း၊ ဦးပိုင်အမှတ် (-) ရှိ **မူလရှိမြေဧရိယာ ၉၂. ၀၀ ဧက** အနက် **မြေဧရိယာ ၂၂. ၀၀ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်စွဲပါ စာအမှတ်၊ ၁၉၇၉/၁-ကော်မတီ/မြေ (ဗဟို)/၂၀၁၈ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ ပါသည်။

စက်မှုဝန်ကြီးဌာန၊ အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ် (၂၇) စက်မှုကုန်ကြမ်းဌာန (ကျိုက်ထို) မှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၂၂. ၀၀ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၇၃၉/၂၀၁၈)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ အသုံးပြုရန်မရှိသဖြင့် ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြခရိုင်၊ မြောင်းမြမြို့နယ်၊ အမှတ် (၁) ရပ်ကွက်၊ ကွင်းအမှတ်/အမည် (၃-ဃ/နှာခေါင်းပေါက်)၊ မြေအမျိုးအစား-မြို့မြေ၊ ဦးပိုင်အမှတ် (၃. ၄၊ ၆. က/၆၁) ရှိ **စုစုပေါင်းမြေဧရိယာ ၀. ၁၅၂ ဧက** ကို နိုင်ငံတော်သို့ ပြန်လည်စွန့်လွှတ်အပ်နှံလာမှုအပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည် စိစစ်ရေးဗဟိုကော်မတီ၏ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်စွဲပါ စာအမှတ်၊ ၁၉၈၂/၁-ကော်မတီ/မြေ(ဗဟို)/ ၂၀၁၈ ဖြင့် နိုင်ငံတော်သို့ ပြန်လည်အပ်နှံခွင့်ပြုခဲ့ပါသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ စွန့်လွှတ်အပ်နှံလာသည့် အဆိုပါ **မြေဧရိယာ ၀. ၁၅၂ ဧက** ကို **နိုင်ငံတော်ပိုင်မြေ (State Land)** အဖြစ် သတ်မှတ်လိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၇၄၀/၂၀၁၈)

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ အောင်ချမ်းသာကျေးရွာအုပ်စု၊ ကွင်းအမှတ်/ အမည်-၄၄၆/မကျီးပင်ဇောက်၊ မြေကွက်အမှတ် (၂၃၇)၊ **မြေဧရိယာ ၄. ၆၈ ဧက** အား ကုန်းလမ်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ **ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးသင်တန်းများဖွင့်လှစ်ပြီး ယာဉ်မောင်းစစ်ဆေးရေးကွင်းလုပ်ငန်းဆောင်ရွက်ရန်** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန** မှ အသုံးမပြုသောရက်တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၁၇၄၁/၂၀၁၈)

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ သာစည်မြို့နယ်၊ ယင်းမာပင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-၂၁၉၅/ယင်းမာပင်ရွာ၊ မြေကွက်အမှတ် (၁၉) မှ **မြေဧရိယာ ၀. ၃၈ ဧက** အား မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ **မဟာဓာတ်အားလိုင်းမှူးရုံး (သာစည်) လက်အောက်ရှိ ယင်းမာပင်စခန်းခွဲ** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန** မှ အသုံးမပြုသောရက်တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၁၇၄၂/၂၀၁၈)

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့၊ ဈေးအရှေ့ပြင်ရပ်ကွက်၊ အကွက်အမှတ်/အမည်-၁၁-ဂ/ဈေးရပ်၊ ဦးပိုင်အမှတ် (၁-ခ)၊ မြေကွက်အမှတ် (၂/၄၈)၊ **မြေဧရိယာ ၁. ၆၄၁ ဧက** အား အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ **ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း (မိတ္ထီလာမြို့)** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** မှ အသုံးမပြုသောရက်တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၁၇၄၃/၂၀၁၈)

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့၊ မြောက်ပြည်တော်သာရပ်ကွက်၊ အကွက်အမှတ်/အမည်-၂၀၇၉/ကျွန်းဘိုစမ်း၊ မြေကွက်အမှတ် (၉၈/၅၁၅) မှ မြေဧရိယာ ၀. ၆၄၂ ဧက၊ မြေကွက်အမှတ် (၉၉/၅၁၆) မှ မြေဧရိယာ ၀. ၄၈၂ ဧက၊ **စုစုပေါင်းမြေဧရိယာ ၁. ၁၂၄ ဧက** အား သမဝါယမဦးစီးဌာန၊ **ကျောက်ပန်းတောင်းမြို့နယ် သမဝါယမဦးစီးဌာနရုံး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** မှ အသုံးမပြုသောရက်တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၁၇၄၄/၂၀၁၈)

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့၊ အမှတ် (၁) ရပ်ကွက်၊ အကွက်အမှတ်/အမည်-၁၄၄၁/ညောင်ဦးအရှေ့၊ ဦးပိုင်အမှတ် (၁၀)၊ **မြေဧရိယာ ၁. ၄၂ ဧက** အား ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ **ရုံးဧည့်ရိပ်သာ** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်း ပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန** မှ အသုံးမပြုသောရက်တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၁၇၄၅/၂၀၁၈)

စက်မှုဝန်ကြီးဌာနမှ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသို့ လွှဲပြောင်းပေးရန်အတွက် ၂၀၁၈ ခုနှစ်၊ မေလ ၂၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၆၄၅/၂၀၁၈) ဖြင့် နိုင်ငံတော်ပိုင်မြေအဖြစ် သတ်မှတ်ပြီးဖြစ်သည့် မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ မြင်းခြံမြို့နယ်၊ ဆားခါးကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-၂၈၇-က/ပေါက်ပင်ကံတောင်၊ ဦးပိုင်အမှတ် (၂၆/၂၈၄) မှ မြေဧရိယာ **၁၇၆. ၉၁ ဧက**၊ ကွင်းအမှတ်/အမည်-၂၈၇/ပေါက်ပင်ကံမြောက်၊ ဦးပိုင်အမှတ် (၂၀၄/၂၇၁) မှ မြေဧရိယာ **၂၄. ၁၁ ဧက**၊ **စုစုပေါင်းမြေဧရိယာ ၂၀၁. ၀၂ ဧက** အား လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ **(၂၂၅) မဂ္ဂါဝပ်သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံ (မြင်းခြံ)** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန** မှ အသုံးမပြုသောရက်တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၁၇၄၆/၂၀၁၈)

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ်၊ ကန်ပေါက်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-၂၀၈၁/ပေါက်တောကွင်း၊ ဦးပိုင်အမှတ် (၄၃) မှ မြေဧရိယာ ၁. ၂၃ ဧက၊ ဦးပိုင်အမှတ် (၄၄) မှ မြေဧရိယာ ၀. ၃၉ ဧက၊ ဦးပိုင်အမှတ် (၄၅) မှ မြေဧရိယာ ၅. ၅၉ ဧက၊ ဦးပိုင်အမှတ် (၄၆) မှ မြေဧရိယာ ၂. ၈၂ ဧက၊ ဦးပိုင်အမှတ် (၅၁/၁) မှ မြေဧရိယာ ၂. ၆၆ ဧက၊ ဦးပိုင်အမှတ် (၅၂/၁) မှ မြေဧရိယာ ၁. ၀၈ ဧက၊ ဦးပိုင်အမှတ် (၅၂/၂) မှ မြေဧရိယာ ၁. ၀၈ ဧက၊ ဦးပိုင်အမှတ် (၅၃/၁) မှ မြေဧရိယာ ၄. ၁၆ ဧက၊ ဦးပိုင်အမှတ် (၅၃/၂) မှ မြေဧရိယာ ၁. ၀၀ ဧက၊ ဦးပိုင်အမှတ် (၅၃/၃) မှ မြေဧရိယာ ၄. ၁၆ ဧက၊ ဦးပိုင်အမှတ် (၅၄) မှ မြေဧရိယာ ၀. ၀၅ ဧက၊ ဦးပိုင်အမှတ် (၅၅/၁) မှ မြေဧရိယာ ၀. ၉၀ ဧက၊ ဦးပိုင်အမှတ် (၅၅/၂) မှ မြေဧရိယာ ၀. ၉၀ ဧက၊ ဦးပိုင်အမှတ် (၅၅/၃) မှ မြေဧရိယာ ၀. ၉၀ ဧက၊ ဦးပိုင်အမှတ် (၅၅/၄) မှ မြေဧရိယာ ၀. ၉၀ ဧက၊ ဦးပိုင်အမှတ် (၅၅/၅) မှ မြေဧရိယာ ၀. ၉၀ ဧက၊ ဦးပိုင်အမှတ် (၅၅/၆) မှ မြေဧရိယာ ၁. ၁၆ ဧက၊ ဦးပိုင်အမှတ် (၅၉) မှ မြေဧရိယာ ၀. ၁၉ ဧက၊ ဦးပိုင်အမှတ် (၆၃) မှ မြေဧရိယာ ၀. ၁၁ ဧက၊ မြေကွက်အမှတ် (၁၁၈) မှ မြေဧရိယာ ၀. ၁၅ ဧက၊ **စုစုပေါင်းမြေဧရိယာ ၃၀. ၃၃ ဧက** အား နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ **အစိုးရစက်မှုလက်မှုသိပ္ပံ (ကျောက်ပန်းတောင်း)** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပညာရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါစစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပညာရေးဝန်ကြီးဌာန** မှ အသုံးမပြုသောရက်တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၁၇၄၇/၂၀၁၈)

ပြည်ထဲရေးဝန်ကြီးဌာနက ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာ (၁၄၄၅/၂၀၁၅) ဖြင့် နိုင်ငံတော်ပိုင်မြေ (State Land) အဖြစ် သတ်မှတ်ထားသည့် ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပေါင်းတည်မြို့နယ်၊ ဈေး (၁) ရပ်ကွက်၊ အကွက်အမှတ်/အမည်-၃၆/ဈေးရပ်၊ ဦးပိုင်အမှတ် (၂၅၁ᵃ) ရှိ **မြေဧရိယာ ၁. ၁၃၅ ဧက** အား **အားကစားနှင့် ကာယပညာဦးစီးဌာန၊ ပေါင်းတည်မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန** မှ အသုံးမပြုသောရက်တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၁၇၄၈/၂၀၁၈)

ကယားပြည်နယ်၊ လွိုင်ကော်ခရိုင်၊ ဖရူဆိုမြို့နယ်၊ မြို့မကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-၁၀/ထီးကလူဒေါ်၊ ဦးပိုင်အမှတ်-၁၄၄/၆၊ **မြေဧရိယာ ၀. ၄၄၀ ဧက** အား နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ **ဖရူဆိုမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန်အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **နယ်စပ်ရေးရာဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **နယ်စပ်ရေးရာဝန်ကြီးဌာန** မှ အသုံးမပြုသောရက်တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၃၅/၂၀၁၉)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၆ ရက်
(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်)

### ပြည်ထဲရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

ပြည်ထဲရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၇၇၄/၂၀၁၈) ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ထားသော ပြည်ထဲရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ရဲချုပ်<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>အကျဉ်းဦးစီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>မီးသတ်ဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ခေတ္တအမြဲတမ်းအတွင်းဝန်<br>ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး | အတွင်းရေးမှူး |
| (ဇ) | ဒုတိယအမြဲတမ်းအတွင်းဝန်<br>ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး | တွဲဖက်အတွင်းရေးမှူး |

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပြည်ထဲရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၈၀/၂၀၁၈)**

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၆ ရက်

(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ ကယားပြည်နယ်ရုံးမှ ပြည်နယ်ဦးစီးဌာနမှူး/ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဦးညွှန့်ဝေ အား ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့မှစ၍ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပြီး အသက် (၆၀) နှစ်ပြည့်မည့် ၂၀၁၉ ခုနှစ်၊ ဇွန်လ ၁၀ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) အရ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၄၂၀/၂၀၁၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) အဆင့်ရှိ အောက်ဖော်ပြပါ ဦးစီးမှူး (စက်မှု) (၉) ဦး တို့အား ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေး အမှတ်စဉ် (၂၄/၂၀၁၈) ၏ သဘောတူညီချက်အရ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ဆည်မြောင်း) တွင် လစ်လပ်လျက်ရှိသည့် လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အဆင့်ရှိ ဦးစီးအရာရှိ (စက်မှု) ရာထူးနေရာများသို့ စတင်သတင်းပို့ တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | လက်ရှိရာထူး | တိုးမြှင့်ခန့်ထားသည့်ရာထူး |
|---|---|---|---|
| (က) | ဦးသောင်းထွန်း | ဦးစီးမှူး (စက်မှု) | ဦးစီးအရာရှိ (စက်မှု) |
| (ခ) | ဦးတင်ဦးကျော် | ဦးစီးမှူး (စက်မှု) | ဦးစီးအရာရှိ (စက်မှု) |
| (ဂ) | ဦးသန့်ဇော်ထွေး | ဦးစီးမှူး (စက်မှု) | ဦးစီးအရာရှိ (စက်မှု) |
| (ဃ) | ဦးမင်းလွင် | ဦးစီးမှူး (စက်မှု) | ဦးစီးအရာရှိ (စက်မှု) |
| (င) | ဦးမြင့်သူ | ဦးစီးမှူး (စက်မှု) | ဦးစီးအရာရှိ (စက်မှု) |
| (စ) | ဦးနေထွန်းအောင် | ဦးစီးမှူး (စက်မှု) | ဦးစီးအရာရှိ (စက်မှု) |
| (ဆ) | ဦးဇော်လင်း | ဦးစီးမှူး (စက်မှု) | ဦးစီးအရာရှိ (စက်မှု) |
| (ဇ) | ဦးတင်ဝင်း (၂) | ဦးစီးမှူး (စက်မှု) | ဦးစီးအရာရှိ (စက်မှု) |
| (ဈ) | ဦးလှမြင့် | ဦးစီးမှူး (စက်မှု) | ဦးစီးအရာရှိ (စက်မှု) |

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၅/၂၀၁၉**

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၅ ရက်

(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) အဆင့်ရှိ စာရင်းစစ်-၁ ဒေါ်ခင်မြဝင်း အား ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၁/၂၀၁၉) ၏ သဘော တူညီချက်အရ စိုက်ပျိုးရေးသုတေသနဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-

၂၉၅၀၀၀ိ) အဆင့်ရှိ ဦးစီးအရာရှိ (ငွေစာရင်း) ရာထူးနေရာသို့ စတင်သတင်းပို့ တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့် ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၁၉)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၁၀ ရက်

(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်)

### ကြိုတင်ပြင်ဆင်ခွင့် (၄) လအား ငြင်းပယ်ခွင့်ပြုခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ရခိုင်ပြည်နယ်ဦးစီးမှူးရုံးမှ လစာနှုန်း (၃၇၄,၀၀၀ိ-၄,၀၀၀ိ-၃၉၄,၀၀၀ိ) အဆင့်ရှိ ညွှန်ကြားရေးမှူး ဦးတိုးဝေ (ပြည်နယ်ဦးစီးမှူး) အား ၎င်း၏သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့်ဖြစ်သည့် ၂၀၁၉ ခုနှစ်၊ မတ်လ ၁၈ ရက်နေ့မှ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်နေ့အထိ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၈၁ အရ အများပြည်သူအကျိုးငှာ ငြင်းပယ်ခွင့်ပြုလိုက်သည်။

၂။ အဆိုပါ အများပြည်သူအကျိုးငှာ ငြင်းပယ်ခွင့်ပြုထားသော ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်နေ့မှ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်နေ့အထိ ပြန်လည်ခံစားခွင့်ပြုပြီး ခွင့်ရက်ကုန်ဆုံးသည့် ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်နေ့မှစ၍ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ဒေါက်တာအောင်သူ၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ

## အမိန့်ကြော်ငြာစာအမှတ် (၁၅/၂၀၁၈)

၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၁၄ ရက်

(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်)

### တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီ ဖွဲ့စည်းခြင်း

၁။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေပုဒ်မ ၃-က၊ ပုဒ်မ ၁၇ တို့အရ နိုင်ငံတော်စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို အသုံးပြု၍ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို ထိရောက်မှန်ကန်စွာ အသုံးချစီမံဆောင်ရွက်နိုင်ရန်နှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်နှင့်စပ်လျဉ်း၍ တင်ပြလာသည့် ကိစ္စရပ်များအတွက် စိစစ်သုံးသပ်ခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းများကို လုပ်ကိုင်ဆောင်ရွက်နိုင်ရန် **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည် -

(က) **ပြည်ထောင်စုနယ်မြေ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီ**

| | | |
|---|---|---|
| (၁) | နေပြည်တော်ကောင်စီဥက္ကဋ္ဌ | ဥက္ကဋ္ဌ |
| (၂) | နေပြည်တော်ကောင်စီဝင် (လယ်ယာကဏ္ဍ) | အဖွဲ့ဝင် |

(၃) ဦးစီးအရာရှိ (ပထမတန်း) စစ်ထောက် (လုပ်ငန်း) နေပြည်တော်တိုင်းစစ်ဌာနချုပ် — အဖွဲ့ဝင်

(၄) ဒုတိယညွှန်ကြားရေးမှူးချုပ် နေပြည်တော်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — အဖွဲ့ဝင်

(၅) ဦးစီးဌာနမှူး နေပြည်တော်စိုက်ပျိုးရေးဦးစီးဌာန — အဖွဲ့ဝင်

(၆) ဦးစီးဌာနမှူး နေပြည်တော်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန — အဖွဲ့ဝင်

(၇) ဦးစီးဌာနမှူး နေပြည်တော်ငါးလုပ်ငန်းဦးစီးဌာန — အဖွဲ့ဝင်

(၈) ဦးစီးဌာနမှူး နေပြည်တော်သစ်တောဦးစီးဌာန — အဖွဲ့ဝင်

(၉) ဦးစီးဌာနမှူး နေပြည်တော်ပြည်တွင်းအခွန်များဦးစီးဌာန — အဖွဲ့ဝင်

(၁၀) မန်နေဂျာ နေပြည်တော်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် — အဖွဲ့ဝင်

(၁၁) ဦးစီးဌာနမှူး နေပြည်တော်စီမံကိန်းရေးဆွဲရေးဦးစီးဌာန — အဖွဲ့ဝင်

(၁၂) ညွှန်ကြားရေးမှူး သတ္တုတွင်းဦးစီးဌာန — အဖွဲ့ဝင်

(၁၃) ဒေသခံတိုင်းရင်းသားလူမျိုးစုကိုယ်စားလှယ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အရပ်ဘက်ဆိုင်ရာ အဖွဲ့အစည်းကိုယ်စားလှယ်များ၊ သင့်လျော်သည့်ပညာရှင်များ — အဖွဲ့ဝင် (၆) ဦး

(၁၄) ဦးစီးဌာနမှူး နေပြည်တော်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန — အတွင်းရေးမှူး

**( ခ ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ**

(၁) ဝန်ကြီးချုပ် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ — ဥက္ကဋ္ဌ

(၂) စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ — အဖွဲ့ဝင်

(၃) ဦးစီးအရာရှိ (ပထမတန်း) စစ်ထောက် (လုပ်ငန်း) တိုင်းစစ်ဌာနချုပ် — အဖွဲ့ဝင်

(၄) တိုင်းဒေသကြီး/ပြည်နယ်အုပ်ချုပ်ရေးမှူး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန — အဖွဲ့ဝင်

(၅) တိုင်းဒေသကြီး/ပြည်နယ်ဦးစီးဌာနမှူး စိုက်ပျိုးရေးဦးစီးဌာန — အဖွဲ့ဝင်

| | | |
|---|---|---|
| (၆) | တိုင်းဒေသကြီး/ပြည်နယ်ဦးစီးဌာနမှူး<br>မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | တိုင်းဒေသကြီး/ပြည်နယ်ဦးစီးဌာနမှူး<br>ငါးလုပ်ငန်းဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | တိုင်းဒေသကြီး/ပြည်နယ်ဦးစီးဌာနမှူး<br>သစ်တောဦးစီးဌာန | အဖွဲ့ဝင် |
| (၉) | တိုင်းဒေသကြီး/ပြည်နယ်ဦးစီးဌာနမှူး<br>ပြည်တွင်းအခွန်များဦးစီးဌာန | အဖွဲ့ဝင် |
| (၁၀) | တိုင်းဒေသကြီး/ပြည်နယ်မန်နေဂျာ<br>မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် | အဖွဲ့ဝင် |
| (၁၁) | တိုင်းဒေသကြီး/ပြည်နယ်ဦးစီးဌာနမှူး<br>စီမံကိန်းရေးဆွဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၁၂) | တိုင်းဒေသကြီး/ပြည်နယ်ရုံးခွဲတာဝန်ခံ<br>သတ္တုတွင်းဦးစီးဌာန | အဖွဲ့ဝင် |
| (၁၃) | ဒေသခံတိုင်းရင်းသားလူမျိုးစုကိုယ်စားလှယ်များ<br>တောင်သူလယ်သမားကိုယ်စားလှယ်များ<br>အရပ်ဘက်ဆိုင်ရာ အဖွဲ့အစည်းကိုယ်စားလှယ်များ<br>သင့်လျော်သည့်ပညာရှင်များ | အဖွဲ့ဝင် (၆) ဦး |
| (၁၄) | တိုင်းဒေသကြီး/ပြည်နယ်ဦးစီးဌာနမှူး<br>လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန | အတွင်းရေးမှူး |

၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် သို့မဟုတ် ပြည်ထောင်စုနယ်မြေ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ဧက ၃၀၀ ထက်မပိုသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို စိုက်ပျိုးရေးလုပ်ငန်းတွင် နှစ်ရှည်ပင်၊ ဥယျာဉ်ခြံသီးနှံနှင့် စက်မှုကုန်ကြမ်း ရာသီသီးနှံတို့အတွက်လည်းကောင်း၊ ဧက ၅၀ ထက်မပိုသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို မွေးမြူရေးလုပ်ငန်းအတွက်လည်းကောင်း တည်ဆဲဥပဒေများနှင့်အညီ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ထံ သဘောထားမှတ်ချက်ရယူ၍ စိစစ်ခြင်း၊ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ခ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်လျှောက်ထားသော ကိစ္စရပ်များတွင် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်ခြင်း၊ သဘောထားမှတ်ချက်ပြုခြင်း၊ လုပ်ငန်းစာတွဲများကို ဦးစီးဌာနများသို့ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်ရန် ပေးပို့ခြင်းနှင့် ကြီးကြပ်ကွပ်ကဲခြင်း၊

(ဂ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်လျှောက်ထားသည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ထံ သဘောထားမှတ်ချက် တင်ပြတောင်းခံခြင်း၊

(ဃ) စိုက်ပျိုးရေးလုပ်ငန်းတွင် ဧက ၃၀၀ အထက် လျှောက်ထားသည့်ကိစ္စရပ်နှင့် မွေးမြူရေးလုပ်ငန်းတွင် ဧက ၅၀ အထက် လျှောက်ထားသည့်ကိစ္စရပ်များအတွက် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၏ သဘောထားမှတ်ချက်နှင့်အတူ ဗဟိုကော်မတီသို့ ဆက်လက်တင်ပြခြင်း၊

(င) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေပုဒ်မ ၃၀-က၊ ပုဒ်မခွဲ (ခ) ပြဋ္ဌာန်းချက်ပါ ဒေသခံတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာအရ

သတ်မှတ်မြေများကို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရာတွင် မပါရှိစေရေး စိစစ်သတ်မှတ်ဆောင်ရွက်ခြင်း၊

(စ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေပုဒ်မ ၁၀-က၊ ပုဒ်မခွဲ (ဂ) ပြဋ္ဌာန်းချက်ပါ အများပြည်သူနှင့် တိုင်းရင်းသားများဆိုင်ရာ ဘာသာရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေးတို့အတွက် လက်ရှိအသုံးပြုထားသည့်မြေများကို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရာတွင် မပါရှိစေရေး စိစစ်သတ်မှတ်ဆောင်ရွက်ခြင်း၊

(ဆ) သက်ဆိုင်ရာစီမံခန့်ခွဲရေးကော်မတီသို့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ ကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် သီးခြားအဖွဲ့ဖွဲ့စည်း၍ ကွင်းဆင်းစိစစ်ဆောင်ရွက်စေခြင်း၊

(ဇ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူက သဘာဝဘေးအန္တရာယ်ကြောင့်သော်လည်းကောင်း၊ တည်ငြိမ်အေးချမ်းမှုမရှိသော အခြားအခြေအနေကြောင့်သော်လည်းကောင်း ကုန်လွန်သွားသည့်အချိန်အတွက် သတ်မှတ်ထားသောဖော်ထုတ်လုပ်ကိုင်အသုံးပြုရမည့်ကာလ တိုးမြှင့်ပေးစေလိုကြောင်း ဖော်ထုတ်ခွင့်ပြုကာလမကုန်ဆုံးမီ တင်ပြလာပါက ကွင်းဆင်းစစ်ဆေး၍ ဗဟိုကော်မတီမှ ခွင့်ပြုထားသော ခွင့်ပြုမိန့်များနှင့်ပတ်သက်၍ သဘောထားမှတ်ချက်နှင့်အတူ ဗဟိုကော်မတီသို့ ဆက်လက်တင်ပြခြင်း သို့မဟုတ် သက်ဆိုင်ရာစီမံခန့်ခွဲရေးကော်မတီမှ ခွင့်ပြုထားသော ခွင့်ပြုမိန့်များနှင့်ပတ်သက်၍ စိစစ်ခွင့်ပြုခြင်း၊

(ဈ) ယခင်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုအဖွဲ့၏ ခွင့်ပြုမိန့်အရ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအား မူလခွင့်ပြုထားသည့်ကာလထက် ကျော်လွန်သည်အထိ ဖော်ထုတ်လုပ်ကိုင်အသုံးပြုခြင်းမရှိသေးသဖြင့် ပြန်လည်သိမ်းယူရမည့် ကိစ္စရပ်များတွင် ဗဟိုကော်မတီ၏ ညွှန်ကြားချက်အတိုင်း ကွင်းဆင်းစိစစ်၍ သဘောထားမှတ်ချက်နှင့်အတူ ဗဟိုကော်မတီသို့ ပြန်လည်တင်ပြခြင်း၊

(ည) သက်ဆိုင်ရာစီမံခန့်ခွဲရေးကော်မတီမှ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ခွင့်ပြုထားသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအား လုပ်ငန်းအမှန်တကယ် ဖော်ထုတ်လုပ်ကိုင်ပြီးစီးမှုအခြေအနေကို ကော်မတီက အထူးအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်၍ ကွင်းဆင်းစစ်ဆေးတင်ပြစေခြင်း၊

(ဋ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်နှင့်စပ်လျဉ်း၍ အာမခံကြေး ပေးသွင်းခြင်းနှင့် အာမခံကြေးပြန်လည်ထုတ်ပေးခြင်းဆိုင်ရာကိစ္စရပ်များကို ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ခြင်း၊

(ဌ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်အတွက် မြေခွန်စည်းကြပ်ကောက်ခံခြင်းဆိုင်ရာကိစ္စရပ်များတွင် ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ ကြီးကြပ်ကွပ်ကဲဆောင်ရွက်ခြင်း၊

(ဍ) ခွင့်ပြုထားသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းကို ပြန်လည်ရယူခြင်းအတွက် လျော်ကြေးပေးရန် ကိစ္စရပ်များတွင် ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ ကြီးကြပ်ကွပ်ကဲဆောင်ရွက်ခြင်း၊

(ဎ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဗဟိုကော်မတီက အခါအားလျော်စွာ ပေးအပ်သည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၃။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ၏ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁/၂၀၁၆ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

ဒေါက်တာအောင်သူ
ဥက္ကဋ္ဌ
မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၂၀/၂၀၁၈**

၁၃၈၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၄ ရက်

(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်)

နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၉၉/၂၀၁၈) အရ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးသိန်း ကို ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများ စတင်ဆောင်ရွက်သည့် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁/၂၀၁၉)**

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက်

(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်)

၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၁/၂၀၁၈) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂၄/၂၀၁၈) ၏ သဘောတူခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့် မြန်မာ့သင်္ဘောကျင်းလုပ်ငန်းမှ အောက်ဖော်ပြပါ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)၊ ရုံးအုပ် (၂) ဦးအား ယင်းတို့အမည်နှင့် ယှဉ်တွဲဖော်ပြထားသော ရာထူးနေရာများသို့ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း |
|---|---|---|
| (က) | ဒေါ်ဥမ္မာမြင့် | လက်ထောက်မန်နေဂျာ (စက်မှုစီမံ)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| (ခ) | ဒေါ်အေးစန္ဒာလင်း | လက်ထောက်မန်နေဂျာ (စက်မှုစီမံ)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမိန့်အမှတ် (၂/၂၀၁၉)**

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက်

(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်)

၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁၁/၂၀၁၈) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂၄/၂၀၁၈) ၏ သဘောတူခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့် လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ လေကြောင်းပညာသိပ္ပံမှ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)၊ ရုံးအုပ် ဒေါ်မြမြထွေး အား ယင်းဌာနတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)၊ ဌာနစုမှူး (ကျောင်းသားရေးရာ) ရာထူးနေရာသို့ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

သန့်စင်မောင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၃၈/၂၀၁၈)**

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၁ ရက်

(၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၇ ရက်)

**သဘာဝကြိုးဝိုင်းသတ်မှတ်ခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်၊ မေလတွင်ထုတ်ပြန်သည့် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၉၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုကျင့်သုံးလျက် မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ကျိုက်မရောမြို့နယ်အတွင်းရှိ အောက်ဖော်ပြပါ နယ်နိမိတ်အတွင်း ကျရောက်နေသည့် အကျယ်အဝန်း (၄၆၆. ၀၇) ဧက၊ (၀. ၇၃) စတုရန်းမိုင်ရှိသည့်မြေကို သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံမျိုးကွဲများအား ထိန်းသိမ်းကာကွယ်ရန်အလို့ငှာ **ဖားဘောင်တောင်သဘာဝကြိုးဝိုင်း** အဖြစ် ၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၁ ရက် (၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၇ ရက်) မှစတင်၍ သတ်မှတ်ကြောင်းကြေညာလိုက်သည်။

**နယ်နိမိတ်လားရာဖော်ပြချက်**

၁။ နယ်နိမိတ်လားရာဖော်ပြချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

မြောက်ဘက် ။ ။ ကျိုက်မရောမြို့နယ်၊ ဝါးပြန့်ကုန်းကျေးရွာအနောက်တောင်ဘက် ခန့်မှန်းမြေပုံညွှန်း S-540744 ကျိုက်ထော်ချောင်း၏ အရှေ့ဘက် (၉၀၀) ပေခန့်အကွာ ခန့်မှန်းမြေပုံညွှန်း S-543744 အမှတ် (A) မှအစပြု၍ အရှေ့တောင်ဘက် (၄၂၀၅) ပေ၊ ခန့်မှန်းမြေပုံညွှန်း S-550736 အမှတ် (B)၊ ၎င်းမှ အရှေ့တောင်ဘက် (၇၅၅) ပေ ခန့်မှန်းမြေပုံညွှန်း S-553736 အမှတ် (C) ထိဖြစ်ပါသည်။

အရှေ့ဘက် ။ ။ ခန့်မှန်းမြေပုံညွှန်း S-553736 အမှတ် (C) ၏ အရှေ့တောင်ဘက် (၆၅၅) ပေ ခန့်မှန်းမြေပုံညွှန်း S-557736 အမှတ် (D)၊ ၎င်းမှ တောင်ဘက် (၇၁၀) ပေ ခန့်မှန်းမြေပုံညွှန်း S-558733 အမှတ် (E)၊ ၎င်းမှ တောင်ဘက် (၁၁၉၀) ပေ ခန့်မှန်းမြေပုံညွှန်း S-561717 အမှတ် (F)၊ ၎င်းမှ အရှေ့တောင်ဘက် (၂၃၉၅) ပေ ခန့်မှန်းမြေပုံညွှန်း S-566720 အမှတ် (G)၊ ၎င်းမှ အရှေ့တောင်ဘက် (၁၁၄၀) ပေ ခန့်မှန်းမြေပုံညွှန်း S-568718 အမှတ် (H) ထိဖြစ်ပါသည်။

တောင်ဘက် ။ ။ ခန့်မှန်းမြေပုံညွှန်း S-568718 အမှတ် (H) ၏ တောင်ဘက် (၁၂၈၀) ပေ ခန့်မှန်းမြေပုံညွှန်း S-569713 အမှတ် (I)၊ ၎င်းမှ အရှေ့တောင်ဘက် (၁၉၅၅) ပေ ခန့်မှန်းမြေပုံညွှန်း S-572707 အမှတ် (J)၊ ၎င်းမှ အနောက်တောင် (၂၅၅) ပေ ခန့်မှန်းမြေပုံညွှန်း S-569706 အမှတ် (K) ထိဖြစ်ပါသည်။

အနောက်ဘက် ။ ။ ခန့်မှန်းမြေပုံညွှန်း S-569706 အမှတ် (K) ၏ အနောက်မြောက် (၂၀၂၀) ပေ ခန့်မှန်းမြေပုံညွှန်း S-562713 အမှတ် (L)၊ ၎င်းမှ အနောက်ဘက် (၃၂၀) ပေ ခန့်မှန်းမြေပုံညွှန်း S-561713 အမှတ် (M)၊ ၎င်းမှ မြောက်ဘက် (၅၆၀) ပေ ခန့်မှန်းမြေပုံညွှန်း S-559716 အမှတ် (N)၊ ၎င်းမှ အနောက်မြောက် (၁၁၆၅) ပေ ခန့်မှန်းမြေပုံညွှန်း S-557717 အမှတ် (O)၊ ၎င်းမှ မြောက်ဘက် (၅၃၀) ပေ ခန့်မှန်းမြေပုံညွှန်း S-556719 အမှတ် (P)၊ ၎င်းမှ (၇၂၀) ပေအကွာ ခန့်မှန်းမြေပုံညွှန်း S-554720 အမှတ် (Q)၊ ၎င်းမှ မြောက်ဘက် (၅၈၅) ပေ ခန့်မှန်းမြေပုံညွှန်း S-549727 အမှတ် (R)၊ ၎င်းမှ အရှေ့မြောက် (၆၃၅) ပေ

ခန့်မှန်းမြေပုံညွှန်း S-548728 အမှတ် (S)၊ ၎င်းမှ အနောက်မြောက် (၁၁၇၅) ပေ ခန့်မှန်းမြေပုံညွှန်း S-547730 အမှတ် (T)၊ ၎င်းမှ အနောက်မြောက် (၂၅၉၀) ပေ ခန့်မှန်းမြေပုံညွှန်း S-544732 အမှတ် (U)၊ ၎င်းမှ အရှေ့မြောက် (၅၃၀) ပေ ခန့်မှန်းမြေပုံညွှန်း S-543734 အမှတ် (V)၊ ၎င်းမှ အနောက်မြောက် (၇၃၅) ပေ ခန့်မှန်းမြေပုံညွှန်း S-542736 အမှတ် (W)၊ ၎င်းမှ အနောက်မြောက် (၁၃၆၅) ပေ ခန့်မှန်းမြေပုံညွှန်း S-544738 အမှတ် (X)၊ ၎င်းမှ အနောက်မြောက် (၂၃၃၅) ပေ ခန့်မှန်းမြေပုံညွှန်း S-539741 အမှတ် (Y)၊ ၎င်းမှ မြောက်ဘက် (၃၆၅) ပေ ခန့်မှန်းမြေပုံညွှန်း S-543744 အမှတ် (A) အထိ ဖြစ်ပါသည်။

**တားမြစ်ချက်များ**

**၂။** ဖားဘောင်တောင်သဘာဝကြိုးဝိုင်းဖွဲ့စည်းသတ်မှတ်ရန် ရည်ရွယ်သည့်သတ်မှတ်နယ်မြေအတွင်း အောက်ဖော်ပြပါ တားမြစ်ချက်များကိုမပြုလုပ်ရန် ဤအမိန့်ထုတ်ပြန်သည့်နေ့မှစ၍ တားမြစ်လိုက်သည် -

(က) ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊

(ခ) သဘာဝကြိုးဝိုင်းအတွင်း အဆိပ်အတောက်ဖြစ်စေသော ပစ္စည်းကိုဖြစ်စေ၊ ဓာတ်သတ္တုအညစ်အကြေးကိုဖြစ်စေ လက်ဝယ်ထားရှိခြင်း သို့မဟုတ် စွန့်ပစ်ခြင်း၊

(ဂ) သဘာဝကြိုးဝိုင်းအတွင်း ရေထု၊ လေထုကို တမင်ညစ်ညမ်းစေခြင်း၊ ရေစီးရေလာပျက်စီးစေခြင်း သို့မဟုတ် ရေတွင် အဆိပ်ခတ်ခြင်း၊

(ဃ) ကာကွယ်ထားသည့် တိရစ္ဆာန်များအပါအဝင် မည်သည့်တောရိုင်းတိရစ္ဆာန်ကိုမျှ သဘာဝကြိုးဝိုင်းအတွင်းသော်လည်းကောင်း သဘာဝနယ်မြေနှင့်ထိစပ်ဆက်စပ်နေသည့် နေရာဒေသအတွင်း ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း သို့မဟုတ် အနာတရဖြစ်စေခြင်း၊ ယင်းတောရိုင်းတိရစ္ဆာန်ကိုဖြစ်စေ၊ ယင်း၏ အစိတ်အပိုင်းကိုဖြစ်စေ လက်ဝယ်ထားခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်း၊

(င) သဘာဝကြိုးဝိုင်းအတွင်း မည်သည့်သဘာဝအပင်ကိုမဆို ခုတ်ယူခြင်း၊ စုဆောင်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် ဖျက်ဆီးခြင်း၊ လက်ဝယ်ပိုင်ဆိုင်ခြင်း၊

(စ) သဘာဝကြိုးဝိုင်းအတွင်း သက်ရှိသက်မဲ့ဖွဲ့စည်းမှုကိုဖြစ်စေ၊ သဘာဝအနေအထားတည်ရှိမှု တစ်ခုခုကိုဖြစ်စေ ဖျက်ဆီးခြင်း၊

(ဆ) လူတို့မွေးမြူထားသောတိရစ္ဆာန်များကို စားကျက်ချခြင်း၊ လွှတ်ကျောင်းခြင်း သို့မဟုတ် ကျူးကျော်ဝင်ရောက်စေခြင်း၊

(ဇ) မြေကို တူးဆွခြင်း၊ ထွန်ယက်စိုက်ပျိုးခြင်း သို့မဟုတ် လုပ်ငန်းတစ်ခုခုလုပ်ကိုင်ခြင်း၊

(ဈ) အများပြည်သူကြည့်ရှုလေ့လာ အပန်းဖြေခွင့်ပြုထားသည့် နေရာများမှအပ တားမြစ်ထားသော နေရာသို့ ခွင့်ပြုချက်မရှိဘဲ ကျူးကျော်ဝင်ရောက်ခြင်း၊

(ည) သဘာဝကြိုးဝိုင်းအတွင်း မီးကူးစက်ပြန့်ပွားစေနိုင်သော မီးမွှေးခြင်း၊ မီးဖိုခြင်း၊ မီးသယ်ယူခြင်း သို့မဟုတ် မီးကြွင်းမီးကျန်ထားရှိခြင်း။

**၃။ ခွင့်ပြုသည့် ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများ**

| စဉ် | အခွင့်ရသူ၏အကြောင်းအရာ | ခွင့်ပြုသည့်ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများ |
|---|---|---|
| ၁။ | မရှိပါ | မရှိပါ |

၄။ ဤအမိန့်ကြော်ငြာစာပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊ စည်းကမ်းချက်တစ်ခုခုကို လိုက်နာရန်ပျက်ကွက်ခြင်းများရှိပါက ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေအရ အရေးယူခြင်းခံရမည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၃၉/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၄ ရက်
(၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်)

## ကြိုးပြင်ကာကွယ်တောသတ်မှတ်ရန် ရည်ရွယ်ကြောင်းကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၉၂ ခုနှစ်၊ မြန်မာနိုင်ငံသစ်တောဥပဒေပုဒ်မ (၆)၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုကျင့်သုံး၍ ရခိုင်ပြည်နယ်၊ စစ်တွေခရိုင်၊ ပေါက်တောမြို့နယ်အတွင်းရှိ အောက်ဖော်ပြပါ နယ်နိမိတ်များအတွင်းကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၆,၄၀၀) ဧကရှိသော နယ်မြေကို “အလယ်ဖရုံကာကြိုးပြင်ကာကွယ်တော” အဖြစ် ၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၄ ရက် (၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်) မှစ၍ သတ်မှတ်ရန်ရည်ရွယ်ကြောင်း ကြေညာလိုက်သည်။

### ၁။ နယ်နိမိတ်အလားအလာဖော်ပြချက်

မြောက်ဘက် ။ ။ မူလစတင်အမှတ် ချောင်းဝချောင်း ခန့်မှန်းမြေပုံညွှန်း (PR-077296) မှစ၍ အရှေ့ဘက်သို့ (၅) ဖာလုံခန့်လာရာ တောင်ကုန်းအမှတ် (၉၁၅) တောင်ကုန်းကြောထိပ် ခန့်မှန်းမြေပုံညွှန်း (PR-085300) အထိ၊ ထိုမှ ဖဒူချောင်းဖျားအတိုင်း အရှေ့ဘက်သို့ (၇) ဖာလုံခန့်စုန်ဆင်းလာရာ ခန့်မှန်းမြေပုံညွှန်း (PR-098302) အထိ၊ ထိုမှ အရှေ့ဘက်သို့ တောင်ကြောဖြတ်ကျော်၍ (၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (PR-105304) အထိ၊

အရှေ့ဘက် ။ ။ ထိုမှ တောင်ခြေရင်းအတိုင်း အရှေ့တောင်ဘက်သို့ (၂) မိုင် (၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (PR-123263) အထိ၊ ထိုမှ တောင်ခြေရင်းအတိုင်း အရှေ့တောင်ဘက်သို့ (၁) မိုင် (၁) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (PR-124261) အထိ၊ ထိုမှ တောင်ခြေရင်းအတိုင်း အရှေ့တောင်ဘက်သို့ (၅) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (PR-139203) အထိ၊ ထိုမှ တောင်ခြေရင်းအတိုင်း အရှေ့တောင်ဘက်သို့ (၆) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (PR-170148) အထိ၊

တောင်ဘက် ။ ။ ထိုမှ တောင်ကြားလမ်းအတိုင်း အနောက်တောင်ဘက်သို့ ဖြတ်ကျော်၍ (၁) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (PR-158148) အထိ၊

အနောက်ဘက် ။ ။ ထိုမှ အနောက်မြောက်ဘက်ကမ်းခြေအတိုင်း (၁) မိုင် (၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (PR-145170) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ကမ်းခြေတောင်ခြေရင်းအတိုင်း (၄) မိုင် (၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (PR-110238) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ကမ်းခြေတောင်ခြေရင်းအတိုင်း (၄) မိုင်ခန့်လာရာ မူလစတင်သည့် ခန့်မှန်းမြေပုံညွှန်း (PR-077296) အထိ။

### ၂။ သစ်တောကြေးတိုင်အရာရှိ ခန့်အပ်ခြင်း

ကြိုးပြင်ကာကွယ်တော သတ်မှတ်ကြေညာခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာနယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေး၊ ထိခိုက်နစ်နာမှုများကို သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် ကြိုးပြင်ကာကွယ်တောနယ်နိမိတ်များ သတ်မှတ်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် သစ်တောဥပဒေပုဒ်မ (၆)၊ ပုဒ်မခွဲ (ဂ) အရ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်အား သစ်တောကြေးတိုင်အရာရှိအဖြစ် ခန့်အပ်လိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၄၁/၂၀၁၈)

### ကြိုးပြင်ကာကွယ်တောသတ်မှတ်ရန် ရည်ရွယ်ကြောင်းကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၉၂ ခုနှစ်၊ မြန်မာနိုင်ငံသစ်တောဥပဒေပုဒ်မ (၆)၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုကျင့်သုံး၍ ချင်းပြည်နယ်၊ မင်းတပ်ခရိုင်၊ မတူပီမြို့နယ်အတွင်းရှိ အောက်ဖော်ပြပါ နယ်နိမိတ်များအတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၁၈,၇၈၀) ဧကရှိသော နယ်မြေကို “နာဘုန်းကြိုးပြင်ကာကွယ်တော” အဖြစ် ၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၄ ရက် (၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်) မှစ၍ သတ်မှတ်ရန်ရည်ရွယ်ကြောင်း ကြေညာလိုက်သည်။

### ၁။ နယ်နိမိတ်အလားအလာဖော်ပြချက်

မြောက်ဘက် ။ ။ မြစ်သာမြစ်ကမ်းခြေ ခန့်မှန်းမြေပုံညွှန်း (နစ-၀၃၂၇၂၄) မှအစပြု၍ တောင်ကြောအတိုင်း အရှေ့တောင်ဘက်သို့ (၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (နစ-၀၃၇၇၂၀) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၆) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (နစ-၀၃၀၇၁၀) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (နစ-၀၃၄၇၀၃) အထိ၊ ထိုမှ အရှေ့ဘက်သို့ တောင်ကြောအတိုင်း (၅) ဖာလုံခန့် ပြန်ဆင်းလာရာ ခန့်မှန်းမြေပုံညွှန်း (နစ-၀၄၄၇၀၁) အထိ၊ ထိုမှ တောင်ကြောအတိုင်း အရှေ့မြောက်ဘက်သို့ (၆) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (နစ-၀၅၂၇၁၁) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၁) မိုင် (၃) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (နစ-၀၇၂၇၀၈) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၁) မိုင် (၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (နစ-၀၈၈၆၈၈) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ (၁) မိုင် (၄) ဖာလုံခန့်လာရာ မြစ်သာမြစ်အနီး ခန့်မှန်းမြေပုံညွှန်း (နစ-၁၀၈၇၀၂) အထိ၊ ထိုမှ မြစ်သာမြစ်ဘေးအတိုင်း အရှေ့တောင်ဘက်သို့ (၇) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (နစ-၁၈၄၆၆၁) အထိ၊

အရှေ့ဘက် ။ ။ ထိုမှ မြစ်သာမြစ်အတိုင်း တောင်ဘက်သို့ (၁) မိုင်ခန့် စုန်ဆင်းလာရာ တင်လိပ်ချောင်းနှင့် ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (နစ-၁၈၀၆၄၄) အထိ၊

တောင်ဘက် ။ ။ ထိုမှ တင်လိပ်ချောင်းအတိုင်း အနောက်ဘက်သို့ (၁၁) မိုင်ခန့် ဆန်တက်လာရာ ခန့်မှန်းမြေပုံညွှန်း (နစ-၀၆၁၆၂၈) အထိ၊ ထိုမှ တင်လိပ်ချောင်းအဖျားမှ တောင်ကြောအတိုင်း အနောက်ဘက်သို့ (၁) မိုင် (၃) ဖာလုံခန့် ပြန်လည်ဆန်တက်လာရာ ခန့်မှန်းမြေပုံညွှန်း (နစ-၀၃၄၆၃၄) အထိ၊

အနောက်ဘက် ။ ။ ထိုမှ တောင်ကြောအတိုင်း အနောက်မြောက်ဘက်သို့ (၃) မိုင် (၆) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (နစ-၀၁၆၆၈၈) အထိ၊ ထိုမှ မြောက်ဘက်သို့ (၁) မိုင် (၁) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (နစ-၀၁၉၇၀၉) အထိ၊ ထိုမှ တောင်ကြောအတိုင်း မြစ်သာမြစ်ရှိရာ အရှေ့မြောက်ဘက်သို့ (၁) မိုင် (၁) ဖာလုံ စုန်ဆင်းလာရာ မူလစတင်သည့် ခန့်မှန်းမြေပုံညွှန်း (နစ-၀၃၂၇၂၄) အထိ။

### ၂။ သစ်တောကြေးတိုင်အရာရှိ ခန့်အပ်ခြင်း

ကြိုးပြင်ကာကွယ်တော သတ်မှတ်ကြေညာခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာနယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေး၊ ထိခိုက်နစ်နာမှုများကို သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် ကြိုးပြင်ကာကွယ်တောနယ်နိမိတ်များ သတ်မှတ်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် သစ်တောဥပဒေပုဒ်မ (၆)၊ ပုဒ်မခွဲ (ဂ) အရ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်အား သစ်တောကြေးတိုင်အရာရှိအဖြစ် ခန့်အပ်လိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၄၂/၂၀၁၈)

## ကြိုးပြင်ကာကွယ်တောသတ်မှတ်ရန် ရည်ရွယ်ကြောင်းကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၉၂ ခုနှစ်၊ မြန်မာနိုင်ငံသစ်တောဥပဒေပုဒ်မ (၆)၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုကျင့်သုံး၍ ရခိုင်ပြည်နယ်၊ စစ်တွေခရိုင်၊ ပုဏ္ဏားကျွန်းမြို့နယ်အတွင်းရှိ အောက်ဖော်ပြပါ နယ်နိမိတ်များအတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၆,၄၀၀) ဧကရှိသော နယ်မြေကို "ရှင်တော်ကြိုးပြင်ကာကွယ်တော" အဖြစ် ၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၄ ရက် (၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်) မှစ၍ သတ်မှတ်ရန်ရည်ရွယ်ကြောင်း ကြေညာလိုက်သည်။

### ၁။ နယ်နိမိတ်အလားအလာဖော်ပြချက်

မြောက်ဘက် ။ ။ တောင်ကုန်းအမှတ် (၁၁၆၂) ခန့်မှန်းမြေပုံညွှန်း (PM-916115) မှအစပြု၍ အရှေ့မြောက်ဘက်သို့ တောင်ကြောအတိုင်း (၆) ဖာလုံခန့်လာရာ ဒေးဝန်ချောင်းဖျား ခန့်မှန်းမြေပုံညွှန်း (PM-922126) ထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ဒေးဝန်ချောင်းဖျားအတိုင်း (၆) ဖာလုံခန့် စုန်ဆင်းလာရာ ဒေးဝန်ချောင်းလက်တက်နှင့်ဆုံရာ ခန့်မှန်းမြေပုံညွှန်း (PM-934124) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ခင်ကြောအတိုင်း (၂) ဖာလုံခန့်ဆန်တက်လာရာ ခန့်မှန်းမြေပုံညွှန်း (PM-937122) အထိ၊

အရှေ့ဘက် ။ ။ ထိုမှ အရှေ့တောင်ဘက်သို့ တောင်ကြောအတိုင်း (၁) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (PM-941104) အထိ၊ ထိုမှ တောင်ဘက်သို့ တောင်ကြောအတိုင်း (၆) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (PM-942092) အထိ၊ ထိုမှ အရှေ့ဘက်သို့ တောင်ကြောအတိုင်း (၅) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (PM-954093) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ တောင်ကြောအတိုင်း (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (PM-957097) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ သဲတော်ချောင်းလက်တက်အတိုင်း (၁) မိုင် (၂) ဖာလုံခန့် စုန်ဆင်းလာရာ သဲတော်ချောင်းနှင့်ဆုံရာ ခန့်မှန်းမြေပုံညွှန်း (PM-968081) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ သဲတော်ချောင်းအတိုင်း (၁) မိုင် (၂) ဖာလုံခန့် ဆန်တက်လာရာ သဲတော်ချောင်းဖျား ခန့်မှန်းမြေပုံညွှန်း (PM-977063) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ယိုးတရုတ်ချောင်းလက်တက်အတိုင်း (၇) ဖာလုံခန့် စုန်ဆင်းလာရာ ယိုးတရုတ်ချောင်းနှင့်ဆုံရာ ခန့်မှန်းမြေပုံညွှန်း (PM-987052) အထိ၊ ထိုမှ တောင်ဘက်သို့ ယိုးတရုတ်ချောင်းအတိုင်း (၁) မိုင်ခန့်ဆန်တက်လာရာ ယိုးတရုတ်ချောင်းလက်တက်နှင့်ဆုံရာ ခန့်မှန်းမြေပုံညွှန်း (PM-988038) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ယိုးတရုတ်ချောင်းလက်တက်အတိုင်း (၇) ဖာလုံခန့်ဆန်တက်လာရာ ခန့်မှန်းမြေပုံညွှန်း (PM-996026) အထိ၊

တောင်ဘက် ။ ။ ထိုမှ အနောက်တောင်ဘက်သို့ ယိုးတရုတ်ချောင်းလက်တက်အတိုင်း (၅) ဖာလုံခန့်ဆန်တက်လာရာ ယိုးတရုတ်ချောင်းဖျား ခန့်မှန်းမြေပုံညွှန်း (PM-989017) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ တောင်ကြောအတိုင်း (၇) ဖာလုံခန့်လာရာ စမ်းမတီးချောင်းလက်တက်အဖျားနှင့်ဆုံရာ ခန့်မှန်းမြေပုံညွှန်း (PM-980028) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ စမ်းမတီးချောင်းလက်တက်အတိုင်း (၁) မိုင်ခန့်စုန်ဆင်းလာရာ စမ်းမတီးချောင်းလက်တက်နှင့်ဆုံရာ ခန့်မှန်းမြေပုံညွှန်း (PM-964032) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ခင်ကြောအတိုင်း (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (PM-961034) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ခင်ကြောအတိုင်း (၂) ဖာလုံခန့် စုန်ဆင်းလာရာ စမ်းမတီးချောင်းနှင့် ၎င်း၏လက်တက်ဆုံရာ ခန့်မှန်းမြေပုံညွှန်း (PM-956035) အထိ၊

အနောက်ဘက် ။ ။ ထိုမှ မြောက်ဘက်သို့ စမ်းမတီးချောင်းအတိုင်း (၇) ဖာလုံခန့် ဆန်တက်လာရာ စမ်းမတီးချောင်းနှင့် ၎င်း၏ လက်တက်ဆုံရာ ခန့်မှန်းမြေပုံညွှန်း (PM-958046) အထိ၊ ထိုမှ မြောက်ဘက်သို့ စမ်းမတီးချောင်းလက်တက်အတိုင်း (၄) ဖာလုံခန့်ဆန်တက်လာရာ တောင်ကုန်းအမှတ် (၄၁၂) ခန့်မှန်းမြေပုံညွှန်း (PM-958054) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ တောင်ကြော

အတိုင်း (၅) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (PM-967060) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ တောင်ကြောအတိုင်း (၇) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (PM-954066) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ခင်ကြောအတိုင်း (၄) ဖာလုံခန့်စုန်ဆင်းလာရာ မင်းမချောင်းလက်တက်နှင့် ၎င်း၏ လက်တက်ဆုံရာ ခန့်မှန်းမြေပုံညွှန်း (PM-946072) အထိ၊ ထိုမှ အနောက်ဘက်သို့ (၄) ဖာလုံခန့်လာရာ မင်းမချောင်းနှင့် ၎င်း၏လက်တက်ဆုံရာ ခန့်မှန်းမြေပုံညွှန်း (PM-938074) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ တောင်ကြောအတိုင်း (၆) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (PM-928081) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၆) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (PM-923070) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ တောင်ကြောအတိုင်း (၁) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (PM-905074) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ တောင်ကြောအတိုင်း (၁) မိုင် (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (PM-901096) အထိ၊ ထိုမှ အရှေ့ဘက်သို့ တောင်ကြောအတိုင်း (၆) ဖာလုံခန့်လာရာ တောင်ကုန်းအမှတ် (၈၁၇) ခန့်မှန်းမြေပုံညွှန်း (PM-914095) အထိ၊ ထိုမှ မြောက်ဘက်သို့ တောင်ကြောအတိုင်း (၁) မိုင် (၂) ဖာလုံခန့်လာရာ မူလစတင်သည့် တောင်ကုန်းအမှတ် (၁၁၆၂) ခန့်မှန်းမြေပုံညွှန်း (PM-916115) အထိ။

## ၂။ သစ်တောကြေးတိုင်အရာရှိ ခန့်အပ်ခြင်း

ကြိုးပြင်ကာကွယ်တော သတ်မှတ်ကြေညာခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာနယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေး၊ ထိခိုက်နစ်နာမှုများကို သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် ကြိုးပြင်ကာကွယ်တောနယ်နိမိတ်များ သတ်မှတ်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် သစ်တောဥပဒေပုဒ်မ (၆)၊ ပုဒ်မခွဲ (ဂ) အရ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်အား သစ်တောကြေးတိုင်အရာရှိအဖြစ် ခန့်အပ်လိုက်သည်။

# (ပြည်ထောင်စုဝန်ကြီးရုံး)
# အမိန့်ကြော်ငြာစာအမှတ် (၁၄၃/၂၀၁၈)

## ကြိုးပြင်ကာကွယ်တောသတ်မှတ်ရန် ရည်ရွယ်ကြောင်းကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၉၂ ခုနှစ်၊ မြန်မာနိုင်ငံသစ်တောဥပဒေပုဒ်မ (၆)၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုကျင့်သုံး၍ ရခိုင်ပြည်နယ်၊ စစ်တွေခရိုင်၊ ပေါက်တောမြို့နယ်အတွင်းရှိ အောက်ဖော်ပြပါ နယ်နိမိတ်များအတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၁၂,၈၀၀) ဧကရှိသော နယ်မြေကို "ဆံတော်ရှင်ဖရုံကာကြိုးပြင်ကာကွယ်တော" အဖြစ် ၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၄ ရက် (၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်) မှစ၍ သတ်မှတ်ရန်ရည်ရွယ်ကြောင်း ကြေညာလိုက်သည်။

## ၁။ နယ်နိမိတ်အလားအလာဖော်ပြချက်

မြောက်ဘက် ။ ။ တောင်ကုန်းအမှတ် (601) တောင်ခြေရင်းနှင့် ဂြင်းချောင်းလက်တက်ဆုံရာ ခန့်မှန်းမြေပုံညွှန်း (PR-928434) မှစ၍ အရှေ့မြောက်ဘက်သို့ တောင်ခြေအတိုင်း (၃) ဖာလုံခန့်လာရာ လူသွားလမ်းနှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (PR-930439) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ လူသွားလမ်း အနောက်ဘက်ခြမ်းအတိုင်း (၆) ဖာလုံခန့်လာရာ Napohi ချောင်းနှင့်ဆုံရာ ခန့်မှန်းမြေပုံညွှန်း (PR-942432) အထိ၊

အရှေ့ဘက် ။ ။ ထိုမှ အနောက်တောင်ဘက်သို့ (၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (PR-938426) အထိ၊ ထိုမှ တောင်ခြေရင်းအတိုင်း အရှေ့တောင်ဘက်သို့ (၃) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (PR-964393) အထိ၊ ထိုမှ မြောက်ဘက်သို့ တောင်ခြေရင်းအတိုင်း (၆) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (PR-963404) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ တောင်ခြေရင်းအတိုင်း (၃) မိုင် (၄) ဖာလုံခန့်လာရာ နယ်နိမိတ်ချိုးကွေ့ထောင့် ခန့်မှန်းမြေပုံညွှန်း (PR-982351)

အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ တောင်ခြေရင်းအတိုင်း (၉) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (PR-035207) အထိ၊ ထိုမှ တောင်ဘက်သို့ တောင်ခြေအတိုင်း (၃) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (PR-026153) အထိ၊

တောင်ဘက် ။ ။ ထိုမှ အနောက်တောင်ဘက်သို့ ကမ်းခြေအတိုင်း (၄) ဖာလုံခန့်လာရာ ဖရုံကာကျွန်း တောင်ဘက်စွန်း ခန့်မှန်းမြေပုံညွှန်း (PR-024145) အထိ၊

အနောက်ဘက် ။ ။ ထိုမှ ဖရုံကာကျွန်းအနောက်မြောက်ဘက်သို့ ကမ်းခြေတောင်ခြေရင်းအတိုင်း (၅) မိုင်ခန့်လာရာ နယ်နိမိတ်ချိုးကွေ့ ခန့်မှန်းမြေပုံညွှန်း (PR-009229) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ ကမ်းခြေအတိုင်း (၆) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (PR-015237) အထိ၊ ထိုမှ ကမ်းခြေအတိုင်း (၉) မိုင်ခန့်လာရာ နယ်နိမိတ်ချိုးကွေ့ ခန့်မှန်းမြေပုံညွှန်း (PR-948368) အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ တောင်ခြေရင်းအတိုင်း (၅) မိုင်ခန့်လာရာ မူလစတင်သည့်နေရာ ခန့်မှန်းမြေပုံညွှန်း (PR-928434) အထိ။

## ၂။ သစ်တောကြေးတိုင်အရာရှိ ခန့်အပ်ခြင်း

ကြိုးပြင်ကာကွယ်တော သတ်မှတ်ကြေညာခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာနယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေး၊ ထိခိုက်နစ်နာမှုများကို သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် ကြိုးပြင်ကာကွယ်တောနယ်နိမိတ်များ သတ်မှတ်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် သစ်တောဥပဒေပုဒ်မ (၆)၊ ပုဒ်မခွဲ (ဂ) အရ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်အား သစ်တောကြေးတိုင်အရာရှိအဖြစ် ခန့်အပ်လိုက်သည်။

# (ပြည်ထောင်စုဝန်ကြီးရုံး)
# အမိန့်ကြော်ငြာစာအမှတ် (၁၄၄/၂၀၁၈)

## ကြိုးပြင်ကာကွယ်တောသတ်မှတ်ရန် ရည်ရွယ်ကြောင်းကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၉၂ ခုနှစ်၊ မြန်မာနိုင်ငံသစ်တောဥပဒေပုဒ်မ (၆)၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုကျင့်သုံး၍ စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ တန့်ဆည်မြို့နယ်အတွင်းရှိ အောက်ဖော်ပြပါ နယ်နိမိတ်များအတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၇,၉၈၄) ဧကရှိသော နယ်မြေကို “ပေါင်ကတောင်ကြိုးပြင်ကာကွယ်တော” အဖြစ် ၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၄ ရက် (၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်) မှစ၍ သတ်မှတ်ရန်ရည်ရွယ်ကြောင်း ကြေညာလိုက်သည်။

## ၁။ နယ်နိမိတ်အလားအလာဖော်ပြချက်

မြောက်ဘက် ။ ။ ချပ်တောကျေးရွာ အရှေ့တောင်ဘက် ယဘင်းချောင်းအရှေ့ဘက် ခန့်မှန်းမြေပုံညွှန်း (SQ-670780) နေရာမှအစပြု၍ အရှေ့မြောက်ဘက် (၁) မိုင် (၃) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (SQ-685798) ရောက်သည်အထိ၊ ထိုမှ အရှေ့ဘက်သို့ (၅) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (SQ-695798) အထိ၊ ထိုမှ တောင်ဘက်သို့ (၁. ၃) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (SQ-697773) အထိ၊ ထိုမှ အရှေ့ဘက်သို့ (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (SQ-701774) အထိ၊ ထိုမှ မြောက်ဘက်သို့ (၁. ၃) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (SQ-700798) ထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ (၁. ၃) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (SQ-720809) အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၁) မိုင် (၃) ဖာလုံခန့်လာရာ စပါးတဲ - အင်းလျားရှည်လမ်းနှင့်ဆုံရာ ခန့်မှန်းမြေပုံညွှန်း (SQ-742800) အထိ၊

အရှေ့ဘက် ။ ။ ထိုမှ အရှေ့တောင်ဘက်သို့ စပါးတဲ-အင်းလျားရှည် လမ်းအတိုင်း (၁. ၅) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (SQ-763785) အထိ၊ ထိုမှ တောင်ဘက်သို့ (၂) ဖာလုံခန့်လာရာ စပါးတဲ ကျေးရွာ အနောက်ဘက်ပရွက်နီချောင်းခွအနီး ခန့်မှန်းမြေပုံညွှန်း (SQ-762779) အထိ၊

တောင်ဘက် ။ ။ ထိုမှ အနောက်သို့ (၁. ၅) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (SQ-733788) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၃) ဖာလုံခန့်လာရာ ပေါင်ကတောင်ကြိုးဝိုင်း နယ်နိမိတ်နှင့်ဆုံရာ ခန့်မှန်းမြေပုံညွှန်း (SQ-728772) အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ပေါင်ကတောင်ကြိုးဝိုင်းနယ်နိမိတ် လမ်းကြောင်းအတိုင်း (၅) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (SQ-652743) အထိ၊

အနောက်ဘက် ။ ။ ထိုမှ အနောက်မြောက်ဘက်သို့ (၅) ဖာလုံခန့်လာရာ ယဘင်းချောင်း အရှေ့ဘက် ခန့်မှန်းမြေပုံညွှန်း (SQ-648757) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ (၄) ဖာလုံခန့်လာရာ စိန်နန်းကျေးရွာလှည်းလမ်းနှင့်ဆုံရာ ခန့်မှန်းမြေပုံညွှန်း (SQ-655765) အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ (၁. ၅) မိုင်ခန့်လာရာ မူလစတင်သည့် ခန့်မှန်းမြေပုံညွှန်း (SQ-670780) အထိ။

## ၂။ သစ်တောကြေးတိုင်အရာရှိ ခန့်အပ်ခြင်း

ကြိုးပြင်ကာကွယ်တော သတ်မှတ်ကြေညာခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာနယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေး၊ ထိခိုက်နစ်နာမှုများကို သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် ကြိုးပြင်ကာကွယ်တောနယ်နိမိတ်များ သတ်မှတ်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် သစ်တောဥပဒေပုဒ်မ (၆)၊ ပုဒ်မခွဲ (ဂ) အရ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်အား သစ်တောကြေးတိုင်အရာရှိအဖြစ် ခန့်အပ်လိုက်သည်။

# (ပြည်ထောင်စုဝန်ကြီးရုံး)
# အမိန့်ကြော်ငြာစာအမှတ် (၁၄၅/၂၀၁၈)

## ကြိုးပြင်ကာကွယ်တောသတ်မှတ်ရန် ရည်ရွယ်ကြောင်းကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးသည် ၁၉၉၂ ခုနှစ်၊ မြန်မာနိုင်ငံသစ်တောဥပဒေပုဒ်မ (၆)၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုကျင့်သုံး၍ မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ နတ်မောက်မြို့နယ်အတွင်းရှိ အောက်ဖော်ပြပါနယ်နိမိတ်များအတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၁,၈၇၃) ဧကရှိသောနယ်မြေကို "မဂ္ဂုလ (၄) ကြိုးပြင်ကာကွယ်တော" အဖြစ် ၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၄ ရက် (၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်) မှစ၍ သတ်မှတ်ရန်ရည်ရွယ်ကြောင်း ကြေညာလိုက်သည်။

## ၁။ နယ်နိမိတ်အလားအလာဖော်ပြချက်

မြောက်ဘက် ။ ။ ရေထွက်ရွာဟောင်း၏ အနောက်ဘက် (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-556805) မှ အစပြု၍ အရှေ့တောင်ဘက်သို့ (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-560802) ထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ (၁) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-562804) ထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ (၆) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-566814) ထိ၊ ထိုမှ အရှေ့ဘက်သို့ (၁) မိုင်ခန့်လာရာ သမှုန်းပင်-ဝက်ချပ်လမ်းနှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (U-580814) ထိ၊ ထိုမှ တောင်ဘက်သို့ (၁) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-580810) ထိ၊ ထိုမှ အရှေ့ဘက်သို့ (၁) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-582810) ထိ၊ ထိုမှ တောင်ဘက်သို့ (၇) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-581799) ထိ၊

အရှေ့ဘက် ။ ။ ထိုမှ အရှေ့ဘက်သို့ (၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-588804) ထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၁) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-590803) ထိ၊ ထိုမှ တောင်ဘက်သို့ (၁) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-590800) ထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ (၀. ၅) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-591801) ထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၀. ၅) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-592800)ထိ၊ ထိုမှ တောင်ဘက်သို့ (၁) မိုင် (၇) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-592776) ထိ၊

တောင်ဘက် ။ ။ ထိုမှ အနောက်တောင်ဘက်သို့ (၁) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-590774) ထိ၊ ထိုမှ အနောက်ဘက်သို့ (၁) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-588775) ထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၁) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-588772)ထိ၊ ထိုမှ မြောက်ဘက်သို့ (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-587776) ထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ (၃) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-582780)ထိ၊ ထိုမှ အနောက်ဘက်သို့ (၃) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-575780) ထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၁) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-574778)ထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၂. ၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-577777)ထိ၊ ထိုမှ တောင်ဘက်သို့ (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-577774) ထိ၊ ထိုမှ အနောက်ဘက်သို့ (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-573774) ထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-571777)ထိ၊ ထိုမှ အနောက်ဘက်သို့ (၁) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-569777) ထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ (၆) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-567783)ထိ၊ ထိုမှ မြောက်ဘက်သို့ (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-566788) ထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-563786)ထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ (၁) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-562787)ထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-559786)ထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-556788)ထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-552784)ထိ၊ ထိုမှ အနောက်ဘက်သို့ (၁) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-549784) ထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၁) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-551781) ထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၁) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-550780)ထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-552775) ထိ၊ ထိုမှ အနောက်တောင်ဘက်သို့ (၇) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-542767)ထိ၊

အနောက်ဘက် ။ ။ ထိုမှ အနောက်မြောက်ဘက်သို့ လှည်းလမ်းအတိုင်း (၁) မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-538781) ထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ (၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-544784) ထိ၊ ထိုမှ မြောက်ဘက်သို့ (၃) ဖာလုံခန့်လာရာ ဝက်ချပ်ကျေးရွာသွားလမ်းနှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း (U-542789) ထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ (၂) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-548790) ထိ၊ ထိုမှ မြောက်ဘက်သို့ (၄) ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း (U-548798) ထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ ချောင်းလက်တက်၊ လှည်းလမ်းများဖြတ်၍ (၆) ဖာလုံခန့်လာရာ မူလစတင်ရာ ခန့်မှန်းမြေပုံညွှန်း (U-556805) ထိ။

## ၂။ သစ်တောကြေးတိုင်အရာရှိ ခန့်အပ်ခြင်း

ကြိုးပြင်ကာကွယ်တော သတ်မှတ်ကြေညာခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာနယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေး၊ ထိခိုက်နစ်နာမှုများကို သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် ကြိုးပြင်ကာကွယ်တောနယ်နိမိတ်များ သတ်မှတ်ရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် သစ်တောဥပဒေပုဒ်မ (၆)၊ ပုဒ်မခွဲ (ဂ) အရ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်အား သစ်တောကြေးတိုင်အရာရှိအဖြစ် ခန့်အပ်လိုက်သည်။

(ပုံ) အုန်းဝင်း၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စက်မှုဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၁၉)**

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁၅ ရက်

(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်)

၁။ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော စက်မှုဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၉/၂၀၁၈-၂၀၁၉) ၏ သဘောတူညီချက်အရ စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနရှိ နည်းပညာဖွံ့ဖြိုးရေးဌာနအင်အားဖြင့် ဝန်ကြီးရုံးတွင် တွဲဖက်တာဝန် ထမ်းဆောင်နေသော လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) တန်း ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမင်းခိုင် အား အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း၊ နည်းပညာဖွံ့ဖြိုးရေးဌာနရှိ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) တန်း ဒုတိယအထွေထွေမန်နေဂျာရာထူးသို့ တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

၂။ ဒုတိယအထွေထွေမန်နေဂျာ ဦးမျိုးမင်းခိုင် သည် အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်းရှိ နည်းပညာဖွံ့ဖြိုးရေးဌာနအင်အားဖြင့် ဝန်ကြီးရုံးတွင် တွဲဖက်တာဝန်ထမ်းဆောင်ရန်ဖြစ်သည်။

ခင်မောင်ချို၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စက်မှုဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှတားဆီးကာကွယ်ရေး**

**ဗဟိုကြီးကြပ်ရေးအဖွဲ့**

**ညွှန်ကြားချက်အမှတ် ၁/၂၀၁၉**

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၃ ရက်

(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်)

ဗဟိုကြီးကြပ်ရေးအဖွဲ့သည် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ဂ) ပါ ပြဋ္ဌာန်းချက်နှင့် အဆိုပါ ဥပဒေ ပုဒ်မ ၄၇၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ရွှေသတ္တုထုတ်လုပ် သန့်စင်ခြင်းလုပ်ငန်းဆောင်ရွက်နေသော ကုမ္ပဏီ/လုပ်ငန်းများ အနေဖြင့် ဆိုဒီယမ်ဆိုင်ယာနိုဒ်နှင့် ပြဒါးဓာတုပစ္စည်းများကို အသုံးပြုပါက လိုက်နာနိုင်ရန်အလို့ငှာ ဤညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

**"ရွှေသတ္တုထုတ်လုပ်သန့်စင်ရာတွင် ဆိုဒီယမ်ဆိုင်ယာနိုဒ်နှင့် ပြဒါး ဓာတုပစ္စည်းများ အသုံးပြုခြင်းနှင့် စပ်လျဉ်း၍ လိုက်နာရမည့်အချက်များ"**

၁။ ရွှေသတ္တုထုတ်လုပ်သန့်စင်ခြင်း လုပ်ငန်းဆောင်ရွက်နေသည့် လုပ်ငန်းရှင်များသည် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ အန္တရာယ်မှတားဆီးကာကွယ်ရေး ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းလိုင်စင်နှင့် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများ မှတ်ပုံတင်လက်မှတ်အား စက်မှုဝန်ကြီးဌာန၊ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေး ဗဟိုကြီးကြပ်ရေး အဖွဲ့သို့ ကနဦး လျှောက်ထားရယူရမည်။

၂။ လိုင်စင်ရရှိသူသည် ဆိုဒီယမ်ဆိုင်ယာနိုဒ် (Sodium Cyanide) နှင့် ပြဒါး (Mercury) ဓာတုပစ္စည်းများကို ပြည်တွင်းသို့တင်သွင်းခြင်း ပြုလုပ်လိုပါက ဗဟိုကြီးကြပ်ရေးအဖွဲ့၏ ထောက်ခံချက်ရယူ၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ တင်သွင်းခွင့်လိုင်စင် လျှောက်ထားရယူရမည်။

၃။ ဆိုဒီယမ်ဆိုင်ယာနိုဒ် (Sodium Cyanide) နှင့် ပြဒါး (Mercury) ဓာတုပစ္စည်းများကို ပြည်တွင်းသို့ တင်သွင်းရာတွင် အမှန်တကယ် အသုံးပြုရန်လိုအပ်သည့် ပမာဏကိုသာ စိစစ်ခွင့်ပြုမည်ဖြစ်သောကြောင့် တရားမဝင် တင်သွင်းအသုံးပြုမှု မဖြစ်ပွားစေရန်အတွက် နှစ်စဉ်လိုအပ်ချက်အား အဆိုပြုတင်ပြရမည်။

၄။ တင်သွင်းလာသည့် ဆိုဒီယမ်ဆိုင်ယာနိုဒ် (Sodium Cyanide) နှင့် ပြဒါး (Mercury) ဓာတုပစ္စည်းများကို သယ်ယူပို့ဆောင်ခြင်းအပါအဝင် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ရာတွင် ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်များ၊ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေး ဥပဒေ၊ နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်၊ ညွှန်ကြားချက်များ၊ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များ၊ သက်ဆိုင်ရာလိုင်စင်နှင့် မှတ်ပုံတင်လက်မှတ်ပါ စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၅။ ဆိုဒီယမ်ဆိုင်ယာနိုဒ် (Sodium Cyanide) နှင့် ပြဒါး (Mercury) ဓာတုပစ္စည်းများကို နယ်စပ်ကုန်သွယ်မှုစခန်းများနှင့် ဆိပ်ကမ်းများမှတစ်ဆင့် တင်သွင်းသယ်ယူပို့ဆောင်မည်ဆိုပါက အဆိုပါစခန်းများ၏ စည်းမျဉ်း၊ စည်းကမ်း သတ်မှတ်ချက်များနှင့်အညီ သိုလှောင်မည့်နေရာနှင့် လုပ်ငန်းခွင်သို့ အန္တရာယ်ကင်းရှင်းစွာ သယ်ယူပို့ဆောင်ရမည်။

၆။ တင်သွင်းလာသည့် ဆိုဒီယမ်ဆိုင်ယာနိုဒ် (Sodium Cyanide) နှင့် ပြဒါး (Mercury) ဓာတုပစ္စည်းများကို အသုံးပြုရန် လက်ခံသိုလှောင်မည့်သူသည် ယင်းဓာတုပစ္စည်းများ လက်ခံရရှိသည့်အခါ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့သို့ သတင်းပို့ရမည်။

၇။ ဆိုဒီယမ်ဆိုင်ယာနိုဒ်နှင့် ပြဒါး ဓာတုပစ္စည်းများသုံးစွဲသည့် ရွှေသတ္တုထုတ်လုပ်သန့်စင်ခြင်းလုပ်ငန်းများတွင် အလုပ်လုပ်ကိုင်သူများ၏ ကျန်းမာရေး၊ အသက်အန္တရာယ်တိုက်ရိုက်ထိခိုက်မှုနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုမှတစ်ဆင့် လူနှင့် တိရစ္ဆာန်များ၏ ကျန်းမာရေးနှင့် အသက်အန္တရာယ်အား သွယ်ဝိုက်ထိခိုက်မှုတို့ကို ကြိုတင်ဆန်းစစ်မှုပြုလုပ်ရမည့်အပြင် အလုပ်သမားများ၏ ကျန်းမာရေးကို ပုံမှန်စစ်ဆေးပေးခြင်း (Periodic Medical Examination) နှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို စောင့်ကြည့်လေ့လာခြင်း (Monitoring of Environmental Pollution) တို့ကို ပြုလုပ်ရန်နှင့် ကျွမ်းကျင်သောပညာရှင်များ၏ သဘောထားမှတ်ချက်၊ အကြံဉာဏ်ရယူ၍ ထိရောက်သည့် စီမံခန့်ခွဲမှုစနစ် ချမှတ်ဆောင်ရွက်ရမည်။

၈။ လုပ်ငန်းရှင်များသည် မိမိတို့လုပ်ငန်းများတွင် အလုပ်လုပ်ကိုင်သူများအား ဆိုဒီယမ်ဆိုင်ယာနိုဒ် (Sodium Cyanide)၊ ပြဒါး (Mercury) ဓာတုပစ္စည်းများနှင့်စပ်လျဉ်း၍ မတော်တဆဖြစ်ပွားမှုများကို ကာကွယ်ရန်နှင့် လျော့ပါးစေရန် လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ထိန်းချုပ်ရေးဆိုင်ရာ နည်းစနစ်များ၊ လုံခြုံရေးကိရိယာများ တပ်ဆင်သုံးစွဲခြင်းနှင့် သင့်လျော်ကောင်းမွန်သည့် ကိုယ်ခန္ဓာကာကွယ်ရေးကိရိယာနှင့် ဝတ်စုံများကို ထုတ်ပေး၍ အမြဲတစေစနစ်တကျ ဝတ်ဆင်သုံးစွဲ လုပ်ကိုင်ဆောင်ရွက်စေရမည်။

၉။ လုပ်ငန်းခွင်သို့မဝင်ရောက်မီ လုပ်သားများအား ကျန်းမာရေးစစ်ဆေးခြင်းနှင့် လုပ်ငန်းမလည်ပတ်မီ အနီးပတ်ဝန်းကျင် လေထု၊ ရေထု၊ မြေထု၌ ဆိုဒီယမ်ဆိုင်ယာနိုဒ် (Sodium Cyanide) နှင့် ပြဒါး (Mercury) ပါဝင်မှု တိုင်းတာခြင်းတို့ကိုဆောင်ရွက်၍ မူလအချက်အလက် (Baseline data) အဖြစ် မှတ်တမ်းထားရှိခြင်း၊ ပုံမှန်စစ်ဆေးခြင်း၊ လိုအပ်သလို စစ်ဆေးခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်ရမည်။

၁၀။ ဆိုဒီယမ်ဆိုင်ယာနိုဒ် (Sodium Cyanide) နှင့် ပြဒါး (Mercury) ဓာတုပစ္စည်းများထုပ်ပိုးသည့် Packing အပေါ်တွင် "အဆိပ်" ဟူသည့်စာတန်းနှင့် အန္တရာယ်သတိပေးရုပ်ပုံအမှတ်အသားတံဆိပ်များကို ထင်ရှားမြင်သာစွာ ရေးသားဖော်ပြရမည်။

၁၁။ ဆိုဒီယမ်ဆိုင်ယာနိုဒ် (Sodium Cyanide) နှင့် ပြဒါး (Mercury) ဓာတုပစ္စည်းများကို သုံးစွဲသူများသည် လုပ်ငန်းဆောင်ရွက်ရာမှ ထွက်ရှိလာသော ရေဆိုးများနှင့် စွန့်ပစ်ပစ္စည်းများကို စွန့်ပစ်ရာတွင် အန္တရာယ်ကင်းရှင်းစေရန် စည်ပင်သာယာရေးကော်မတီများမှ ပြဋ္ဌာန်းထားသော ရေပေးဝေရေးနှင့် အညစ်အကြေးသန့်ရှင်းရေးဆိုင်ရာ နည်းဥပဒေများ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များမှ ထုတ်ပြန်ထားသည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်များ၊ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေး ဥပဒေ၊ နည်းဥပဒေများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များ၊ ယင်းတို့နှင့်သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းများမှ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာလိုင်စင်နှင့် မှတ်ပုံတင်လက်မှတ်ပါ စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း ညွှန်ကြားလိုက်သည်။

ဥက္ကဋ္ဌ

ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဗဟိုကြီးကြပ်ရေးအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပညာရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၅၉၄/၂၀၁၈)**

၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၆ ရက်

(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်)

ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်စွဲပါ စာအမှတ်၊ အုပ်ချုပ်မှု (ရာထူးတိုး)/၂၀၁၈ (၁၉၀၈၅) အရ အခြေခံပညာဦးစီးဌာန၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ပြည်နယ်ပညာရေးမှူးတွင် လစ်လပ်လျက်ရှိသော ညွှန်ကြားရေးမှူးရာထူးသို့ တိုးမြှင့်ခန့်ထားခဲ့သော ဦးဝင်းမောင် သည် ၎င်း၏တာဝန်ဝတ္တရားများကို ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်နေ့ နံနက်ပိုင်းတွင် စတင်ထမ်းဆောင်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၆၁၇/၂၀၁၈)**

၁၃၈၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၅ ရက်

(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက်)

၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂၅/၂၀၁၈)၊ စားပွဲတင်အစီအစဉ် (၇) ၌ သဘောတူဆုံးဖြတ်ချက်အရ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်များ၏ ဌာနကြီးမှူး (စီမံ/ဘဏ္ဍာ) ရာထူးကိုရယူခန့်ထား၍ အဆင့်မြင့်ပညာဦးစီးဌာန (နည်းပညာနှင့် ကွန်ပျူတာ) တွင် ညွှန်ကြားရေးမှူးတာဝန်ပေးအပ်ထားသော အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြပါအတိုင်း ဌာနကြီးမှူး (စီမံ/ဘဏ္ဍာ)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးသို့ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး လက်ရှိတွဲဖက်ထားသောဌာနတွင် လုပ်ငန်းလိုအပ်ချက်အရ ဆက်လက်တွဲဖက်လိုက်သည် -

| စဉ် | အမည် | လက်ရှိ ရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|---|
| ၁။ | ဒေါက်တာဝင်းကြည်မြ | ဌာနမှူး (စီမံ) မြန်မာသတင်းအချက်အလက် နည်းပညာတက္ကသိုလ် [မြန်မာသတင်းအချက်အလက် နည်းပညာတက္ကသိုလ်၏ ဌာနကြီးမှူး (စီမံ/ဘဏ္ဍာ) ရာထူးကိုရယူ၍ ခန့်ထား] [အဆင့်မြင့်ပညာဦးစီးဌာန (နည်းပညာနှင့် ကွန်ပျူတာ) တွဲဖက်] | ဌာနကြီးမှူး (စီမံ/ဘဏ္ဍာ) မြန်မာသတင်းအချက်အလက် နည်းပညာတက္ကသိုလ် [အဆင့်မြင့်ပညာဦးစီးဌာန (နည်းပညာနှင့် ကွန်ပျူတာ) တွဲဖက်] |
| ၂။ | ဒေါက်တာ နော်ခိုင်သက်ဝေ | ဌာနမှူး (စီမံ/ဘဏ္ဍာ) နည်းပညာတက္ကသိုလ် (တောင်ငူ) [နည်းပညာတက္ကသိုလ် (တောင်ငူ) ၏ ဌာနကြီးမှူး (စီမံ/ဘဏ္ဍာ) ရာထူးကိုရယူ၍ ခန့်ထား] [အဆင့်မြင့်ပညာဦးစီးဌာန (နည်းပညာနှင့် ကွန်ပျူတာ) တွဲဖက်] | ဌာနကြီးမှူး (စီမံ/ဘဏ္ဍာ) နည်းပညာတက္ကသိုလ် (တောင်ငူ) [အဆင့်မြင့်ပညာဦးစီးဌာန (နည်းပညာနှင့် ကွန်ပျူတာ) တွဲဖက်] |

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၆၂၀/၂၀၁၈)

၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂၅/၂၀၁၈)၊ စားပွဲတင်အစီအစဉ် (၇) ၌ သဘောတူဆုံးဖြတ်ချက်အရ အဆင့်မြင့်ပညာဦးစီးဌာနရှိ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်၏ ဌာနမှူး (သင်တန်း) ရာထူးကို ရယူခန့်ထား၍ အဆင့်မြင့်ပညာဦးစီးဌာန (နည်းပညာနှင့် ကွန်ပျူတာ) တွင် ညွှန်ကြားရေးမှူး တာဝန် ပေးအပ်ထားသော ဒေါက်တာဆုမြတ်နိုင် အား မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာ တက္ကသိုလ်၏ ဌာနမှူး (သင်တန်း)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးသို့ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး လက်ရှိတွဲဖက်ထားသောဌာနတွင် လုပ်ငန်းလိုအပ်ချက်အရ ဆက်လက်တွဲဖက်လိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၆၂၁/၂၀၁၈)

၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂၅/၂၀၁၈)၊ စားပွဲတင်အစီအစဉ် (၇) ၌ သဘောတူဆုံးဖြတ်ချက်အရ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်များ၏ ဌာနကြီးမှူး (အင်ဂျင်နီယာ) ရာထူးကို ရယူခန့်ထား၍ ဝန်ကြီးရုံး၊ အဆောက်အဦပုံစံထုတ်နှင့် အရည်အသွေးစိစစ်ရေးဌာန (BDIS) တွင် ညွှန်ကြားရေးမှူးတာဝန်ပေးအပ်ထားသော အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြပါအတိုင်း ဌာနကြီးမှူး (အင်ဂျင်နီယာ)၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးသို့ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်နေ့မှစ၍ တိုးမြှင့်ခန့်ထားပြီး လက်ရှိတွဲဖက်ထားသောဌာနတွင် လုပ်ငန်းလိုအပ်ချက်အရ ဆက်လက်တွဲဖက်လိုက်သည် -

| စဉ် | အမည် | လက်ရှိ ရာထူး၊ ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|---|
| ၁။ | ဒေါက်တာမြမြနှစ် | ဌာနမှူး (အင်ဂျင်နီယာ) နည်းပညာတက္ကသိုလ် (မိတ္ထီလာ) [နည်းပညာတက္ကသိုလ် (မိတ္ထီလာ) ၏ ဌာနကြီးမှူး (အင်ဂျင်နီယာ) ရာထူးကိုရယူ၍ခန့်ထား] [ဝန်ကြီးရုံး (ရုံးအမှတ်-၂၁)၊ BDIS ဌာနတွဲဖက်] | ဌာနကြီးမှူး (အင်ဂျင်နီယာ) နည်းပညာတက္ကသိုလ် (မိတ္ထီလာ) [ဝန်ကြီးရုံး (ရုံးအမှတ်-၂၁)၊ BDIS ဌာနတွဲဖက်] |
| ၂။ | ဒေါက်တာခိုင်နွယ်ဝင်း | ဌာနမှူး (အင်ဂျင်နီယာ) နည်းပညာတက္ကသိုလ် (ရမည်းသင်း) [နည်းပညာတက္ကသိုလ် (ရမည်းသင်း) ၏ ဌာနကြီးမှူး (အင်ဂျင်နီယာ) ရာထူးကိုရယူ၍ခန့်ထား] [ဝန်ကြီးရုံး (ရုံးအမှတ်-၂၁)၊ BDIS ဌာနတွဲဖက်] | ဌာနကြီးမှူး (အင်ဂျင်နီယာ) နည်းပညာတက္ကသိုလ် (ရမည်းသင်း) [ဝန်ကြီးရုံး (ရုံးအမှတ်-၂၁)၊ BDIS ဌာနတွဲဖက်] |
| ၃။ | ဒေါက်တာညီညီအောင် | ဌာနမှူး (အင်ဂျင်နီယာ) နည်းပညာတက္ကသိုလ် (တောင်ငူ) [နည်းပညာတက္ကသိုလ် (တောင်ငူ) ၏ ဌာနကြီးမှူး (အင်ဂျင်နီယာ) ရာထူးကိုရယူ၍ခန့်ထား] [ဝန်ကြီးရုံး (ရုံးအမှတ်-၂၁)၊ BDIS ဌာနတွဲဖက်] | ဌာနကြီးမှူး (အင်ဂျင်နီယာ) နည်းပညာတက္ကသိုလ် (တောင်ငူ) [ဝန်ကြီးရုံး (ရုံးအမှတ်-၂၁)၊ BDIS ဌာနတွဲဖက်] |

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၆/၂၀၁၈)**

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၉ ရက်

(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်)

ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်စွဲပါ စာအမှတ်၊ အုပ်ချုပ်မှု (ပြောင်းရွှေ့)/၂၀၁၈ (၁၄၀၉၆) အရ အခြေခံပညာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့ရှိ ပညာရေး စီမံခန့်ခွဲမှုသင်တန်းကျောင်း၊ ကျောင်းအုပ်ကြီးရာထူးကို ကျောထောက်နောက်ခံပြု၍ ဒုတိယညွှန်ကြားရေးမှူး အဖြစ် ပြောင်းရွှေ့ခန့်ထားခဲ့ပြီး ကျောင်းအုပ်ကြီးတာဝန် ပူးတွဲထမ်းဆောင်စေခဲ့သော ဒေါ်အေးအေးမြတ် သည် ၎င်း၏ တာဝန်ဝတ္တရားများကို ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့ နံနက်ပိုင်းတွင် စတင်ထမ်းဆောင်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၇/၂၀၁၉)**

၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၁၉) အစီအစဉ် (၆) ၌ သဘောတူညီချက်အရ အခြေခံပညာ ဦးစီးဌာန၊ ချင်းပြည်နယ်၊ ဟားခါးခရိုင်ပညာရေးမှူးရုံးမှ ခရိုင်ပညာရေးမှူး ဦးကောလ်လျန်ထန်း အား ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့မှစ၍ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပြီး ခွင့်ရက်များ ကုန်ဆုံးမည့် ၂၀၁၉ ခုနှစ်၊ မေလ ၁၀ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၈/၂၀၁၉)**

၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၁၉) အစီအစဉ် (၅) ၌ သဘောတူညီချက်အရ အခြေခံပညာ ဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးညွန့်မောင် အား ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့မှစ၍ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပြီး ခွင့်ရက်များကုန်ဆုံးမည့် ၂၀၁၉ ခုနှစ်၊ မေလ ၁၇ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၉/၂၀၁၉)**

၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၁၉) အစီအစဉ် (၄) ၌ သဘောတူညီချက်အရ အခြေခံပညာ ဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဒေါ်ခင်ဌေး အား ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့မှစ၍ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခွင့်ပြုပြီး ခွင့်ရက်များကုန်ဆုံးမည့် ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၇ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ဒေါက်တာမျိုးသိမ်းကြီး၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ပညာရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

၁၃၈၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၄ ရက်

(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၆ ရက်)

အမှတ် ၁၁၁ ။ ။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး၏ ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်စွဲပါ စာအမှတ်၊ ၉၉၁/ရအဖ-၂/၃၄၇/၂၀၁၈/တမ-၁ နှင့် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်သည့်

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၁၄/၂၀၁၈) ဆုံးဖြတ်ချက်အရ ဖော်ပြပါ ဆေးဘက်ကျွမ်းကျင် (၂) (ဖိုမင်ထုတ်လုပ်ရေး)၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) ဦးစစ်လွင်ကို အား အမည်နှင့် ယှဉ်တွဲဖော်ပြပါဆေးရုံသို့ အလုပ်ရုံမှူး၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အဖြစ် အလုပ်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည်၊ ရာထူး၊ ဌာန၊ လစာနှုန်း | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန၊ လစာနှုန်း |
|---|---|---|
| ၁။ | ဦးစစ်လွင်ကို<br>ဆေးဘက်ကျွမ်းကျင် (၂) (ဖိုမင်ထုတ်လုပ်ရေး)<br>ခြေတုလက်တုအားပြုကိရိယာဌာန<br>အမျိုးသားပြန်လည်သန်စွမ်းရေးအထူးကု<br>ဆေးရုံ၊ ရန်ကုန်မြို့<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) | ဦးစစ်လွင်ကို<br>အလုပ်ရုံမှူး<br>ခြေတုလက်တုအားပြုကိရိယာဌာန<br>အမျိုးသားပြန်လည်သန်စွမ်းရေးအထူးကု<br>ဆေးရုံ၊ ရန်ကုန်မြို့<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |

မှတ်ချက်။ ရာထူးတိုးမြှင့်ခန့်ထားသည့် အလုပ်ရုံမှူးသည် အမိန့်စာထွက်ပြီး (၂၁) ရက်အတွင်း အလုပ်တာဝန်များ လွှဲပြောင်း/လက်ခံပြီး ပြောင်းရွှေ့စေရန်နှင့် သက်ဆိုင်ရာအကြီးအကဲထံသို့ သွားရောက်တွေ့ဆုံရန် ဖြစ်သည်။

**(ဝန်ကြီးရုံး)**

၁၃၈၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက်

(၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက်)

အမှတ် ၁၁၂။ ။ တိုင်းရင်းဆေးပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦး (တဆ-၇၁၂) အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအပိုဒ် (၈၈) နှင့် (၈၉) တို့အရ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့ နံနက်ပိုင်းမှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များ ကုန်ဆုံးသည့် ၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ (၂၃၃)၊ နည်းဥပဒေခွဲ (က) အရ သက်ပြည့်ပင်စင် ခံစားခွင့်ပြုလိုက်သည်။

တိုင်းရင်းဆေးပညာဦးစီးဌာန၏ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်စွဲပါ စာအမှတ်၊ တဆပ/ဝထ (၂-၅)/၂၀၁၈ (၄၂၃၃) ဖြင့် ထုတ်ပြန်ထားသည့် အမိန့်စာအား ဤအမိန့်စာဖြင့် လွှမ်းခြုံပယ်ဖျက်လိုက်သည်။

ဒေါက်တာမြင့်ထွေး၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# ဆောက်လုပ်ရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၃၅၂/၂၀၁၈)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက်

(၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၄ ရက်)

ဆောက်လုပ်ရေးဝန်ကြီးဌာနသည် စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာ ဥပဒေပုဒ်မ ၃၉၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဤနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

၁။ ဤနည်းဥပဒေများကို **စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာနည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများ** ဟု ခေါ်တွင်စေရမည်။

၂။ စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၁၅ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၅။ တည်ထောင်သူသည် စုပေါင်းပိုင်အဆောက်အအုံ တည်ထောင်မှုလုပ်ငန်းအတွက် နိုင်ငံတော်အတွင်းရှိ ဘဏ်တစ်ခုခုတွင် ဘဏ်စာရင်းသီးခြားဖွင့်လှစ်ထားရှိရမည်။ တည်ထောင်ခွင့်လျှောက်ထားရာ၌ အဆိုပါ ဘဏ်စာရင်းတွင် စုစုပေါင်းကုန်ကျစရိတ်တန်ဖိုး၏ ၁၅ ရာခိုင်နှုန်းညီမျှသော ပမာဏ သို့မဟုတ် ရင်းနှီးမြှုပ်နှံမှုပမာဏကြီးမားသော စုပေါင်းပိုင်အဆောက်အအုံစီမံကိန်းများတွင် သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီက သတ်မှတ်ထားသည့် ပမာဏကိုထည့်သွင်းထားသည့် ဘဏ်စာရင်းအထောက်အထားတင်ပြရမည်။"

၃။ စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၂၀ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၀။ ပုဂ္ဂလိကမြေပေါ်တွင် တည်ဆောက်ထားသည့် ဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ (က) ပါ ဆောက်လုပ်ပြီး သို့မဟုတ် ဆောက်လုပ်ဆဲ အဆောက်အအုံများသည် ဥပဒေပုဒ်မ ၁၀ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ပါက စုပေါင်းပိုင်အဆောက်အအုံအဖြစ် ပြောင်းလဲလိုလျှင် နည်းဥပဒေ အခန်း (၄) ပါ အချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။"

၄။ စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၂၁ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၁။ တည်ထောင်သူသည် နိုင်ငံတော်ပိုင်မြေ တစ်ခုခုပေါ်တွင် စုပေါင်းပိုင်အဆောက်အအုံကို တည်ထောင်ရာတွင် ဥပဒေပုဒ်မ ၁၅၊ ပုဒ်မခွဲ (ဂ) ၌ ဖော်ပြထားသည့် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ရယူနိုင်ရန် ဝန်ကြီးဌာနမှတစ်ဆင့် တင်ပြဆောင်ရွက်ရမည်ဖြစ်ပြီး ခွင့်ပြုချက်ရရှိပြီးသည့်အခါ နည်းဥပဒေ အခန်း (၄) ပါ အချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။"

၅။ စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၊ နည်းဥပဒေခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) စုပေါင်းပိုင်အဆောက်အအုံ တည်ထောင်သည့် စာချုပ်စာတမ်းနှင့် စာတမ်းအမှတ်အသားများ၊ ကျမ်းကျိန်လွှာ သို့မဟုတ် ကတိသစ္စာပြုလွှာ၊ အမည်ပေါက် မြေပိုင်ဆိုင်မှုအထောက်အထား၊ မြွတ်ဟကြေညာချက်၊ မြေပိုင်ရှင်နှင့် ချုပ်ဆိုထားသော မြေအရောင်းအဝယ်စာချုပ်နှင့် အခြားလိုအပ်သည့် စာရွက်စာတမ်းအထောက်အထားများကို ပြည့်စုံခိုင်လုံမှု ရှိ မရှိ စိစစ်ကြည့်ရှုရမည်။"

၆။ စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၂၈ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၂၈။ စုပေါင်းပိုင်အဆောက်အအုံ တည်ထောင်ဆောက်လုပ်ရာတွင် ဝန်ကြီးဌာနက သတ်မှတ်ထားသည့် စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့်သော်လည်းကောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များက ထုတ်ပြန်သော စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့်သော်လည်းကောင်း၊ သက်ဆိုင်ရာဒေသမှ စည်ပင်သာယာရေးကော်မတီ သို့မဟုတ် စည်ပင်သာယာရေးအဖွဲ့များက ထုတ်ပြန်သော စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့်သော်လည်းကောင်း ညီညွတ်မှုရှိရမည်။"

၇။ စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၃၄ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၃၄။ တည်ထောင်သူ၊ ပူးတွဲတည်ထောင်သူနှင့် စုပေါင်းပိုင်သူတို့သည် စုပေါင်းပိုင်အဆောက်အအုံရှိ အိမ်ခန်းများကို နိုင်ငံခြားသားသို့ ရောင်းချပါက ယင်းစုပေါင်းပိုင်အဆောက်အအုံ၏ ရောင်းချ၍ရသော စုစုပေါင်းအိမ်ခန်း၏ ၄၀ ရာခိုင်နှုန်းထက် မပိုစေရ။ အဆိုပါ ရာခိုင်နှုန်းထက် ကျော်လွန်ခြင်း ရှိ မရှိကို မှတ်ပုံတင်အရာရှိထံတွင် ဦးစွာစုံစမ်းပြီး ကျော်လွန်ခြင်း မရှိမှသာ ရောင်းချနိုင်သည်။"

၈။ စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၃၅၊ ၃၆ နှင့် ၃၇ တို့ကို ပယ်ဖျက်ရမည်။

၉။ စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၄၄၊ နည်းဥပဒေခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) စုပေါင်းပိုင်သူသည် အိမ်ခန်းကို ဥပဒေပုဒ်မ ၂၀ ပါ လွှဲပြောင်းခြင်းတစ်ရပ်ရပ်ဖြင့် လွှဲပြောင်းသည့်အခါ ဝန်ကြီးဌာန၏ အတည်ပြုချက်ဖြင့် စီမံခန့်ခွဲရေးကော်မတီက သတ်မှတ်ထားသော မှတ်ပုံတင်ကြေးကို ပေးဆောင်ရမည်။ အဆိုပါ မှတ်ပုံတင်ကြေးကို ပြည်ထောင်စုနယ်မြေဖြစ်ပါက နေပြည်တော်ကောင်စီသို့လည်းကောင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းဖြစ်ပါက သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့လည်းကောင်း ပေးသွင်းရမည်။"

၁၀။ စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၄၈၊ နည်းဥပဒေခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) စုပေါင်းပိုင်အဆောက်အအုံတည်ဆောက်သည့် စီမံကိန်းကာလအတွင်းနှင့် စီမံကိန်းပြီးစီးပြီး နှစ်နှစ်ကာလအတွင်း တည်ဆောက်ပြီး အိမ်ရာများကို ထိန်းသိမ်းစောင့်ရှောက်ရမည်။ နှစ်နှစ်ပြည့်ပြီးသော်လည်း ယာယီအဖွဲ့ တရားဝင်မဖွဲ့စည်းရသေးမီ အချိန်ကာလအတွင်း တည်ဆောက်ပြီး အိမ်ရာများ၏ ထိန်းသိမ်းစောင့်ရှောက်မှုကို တာဝန်ယူဆောင်ရွက်ရမည်။"

၁၁။ စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၅၄၊ နည်းဥပဒေခွဲ (က)၊ နည်းဥပဒေခွဲငယ် (၁) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(၁) အသင်း၏ အစည်းအဝေးများသို့ တက်ရောက်ခွင့်နှင့် မူလအချိုးသင့်ပိုင်ဆိုင်မှု အစုတန်ဖိုးနှင့်အညီ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။"

၁၂။ စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၆၇၊ နည်းဥပဒေခွဲ (ဂ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဂ) အသင်းဝင်တစ်ဦး သို့မဟုတ် ၎င်း၏တရားဝင် ကိုယ်စားလှယ်သည် မူလအချိုးသင့် ပိုင်ဆိုင်မှု အစုတန်ဖိုးနှင့်အညီ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။"

၁၃။ စုပေါင်းပိုင်အဆောက်အအုံဆိုင်ရာနည်းဥပဒေများ၊ နည်းဥပဒေ ၈၀ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(၈၀) တည်ထောင်သူသည် စုပေါင်းပိုင်အဆောက်အအုံ တည်ထောင်ဆောက်လုပ်နေစဉ်အတွင်း ခိုင်လုံသောအကြောင်းပြချက် တစ်စုံတစ်ရာမရှိဘဲ လုပ်ငန်းရပ်ဆိုင်းနေကြောင်း သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီက စိစစ်တွေ့ရှိလျှင် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ရပ်ကို ဖွဲ့စည်း၍ စုံစမ်းစစ်ဆေးစေပြီး အစီရင်ခံစာ တင်ပြစေရမည်။"

ဟန်ဇော်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ဆောက်လုပ်ရေးဝန်ကြီးဌာန။

# ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

## (၂၀၁၈ ခုနှစ်၊ ရခိုင်ပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၁၁။)

၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလပြည့်ကျော် ၅ ရက်
(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်)

ရခိုင်ပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အပိုင်း - ၁

### အမည်နှင့် စတင်အကျိုးသက်ရောက်သည့်နေ့ရက်

၁။ (က) ဤဥပဒေကို ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့အထိ ကုန်ဆုံးသည့်ကာလအတွက် ဖြစ်ရမည်။

(ဂ) ဤဥပဒေသည် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

## အပိုင်း - ၂

## ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

### အခန်း (၁)

### ရငွေများနှင့် သုံးငွေများ

၂။ ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် ပြည်နယ်ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ဆောင်ရွက်၍ရသော ရငွေများကို ပြည်နယ်၏ဘဏ္ဍာရန်ပုံငွေသို့ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့်ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) ဇယား (၁) နှင့် (၃) တို့တွင် ဖော်ပြလျာထားသော ရငွေများအနက် ပြည်ထောင်စုထောက်ပံ့ငွေမှ ရငွေ၊ ပြည်ပအကူအညီရငွေ၊ ချေးယူရငွေတို့သည် လျာထားသည်ထက်ပိုမိုရရှိလျှင် ယင်းသို့ပိုမိုရရှိသောငွေများဖြင့် ဆက်နွှယ်ထားသည့်လုပ်ငန်းအသုံးစရိတ်များကြောင့် ဇယား (၂) နှင့် (၄) တို့တွင် ဖော်ပြခွင့်ပြုထားသော သုံးငွေများထက် ပိုမိုသုံးစွဲရန် လိုအပ်ပါက ပြည်နယ်အစိုးရအဖွဲ့သည် စိစစ်သုံးသပ်၍ ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ဖြင့် ခွင့်ပြုနိုင်သည်။

### အခန်း (၂)

### ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများ၊ စည်ပင်သာယာရေးအဖွဲ့များနှင့်ပတ်သက်၍ ပြည်နယ်အစိုးရအဖွဲ့၏လုပ်ပိုင်ခွင့်များ

၄။ (က) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသော ရငွေတို့ထက် တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေ ရသောရငွေများနှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်အစည်းအဝေးသို့တင်ပြသော ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သောပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ အခွန်ဆိုင်ရာဥပဒေများနှင့်အညီ ရသင့်ရထိုက်သော အခွန်ငွေများ အပြည့်အဝရရှိစေရမည်။

(ခ) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် ဤဥပဒေပါ သုံးငွေများကို စီမံခန့်ခွဲရာတွင် ဤဥပဒေအရ ခွင့်ပြုထားသောသုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ်လွှဲပြောင်းသုံးစွဲသည့် အသုံးစရိတ်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ ပုဒ်မ (၃)၊ ပုဒ်မခွဲ (ဃ) အရ ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သုံးစွဲသည့် အသုံးစရိတ်များနှင့်စပ်လျဉ်း၍လည်းကောင်း ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ဂ) ပြည်နယ်အစိုးရအဖွဲ့သည် ဤဥပဒေ၏ ပုဒ်မ (၃)၊ ပုဒ်မခွဲ (ဃ) အရ ပိုမိုသုံးစွဲရန်ခွင့်ပြုသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်းအလိုက် အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ပြည်နယ်လွှတ်တော်အစည်းအဝေးသို့ တင်ပြအတည်ပြုချက် ရယူရမည်။

၅။ ပြည်နယ်အဆင့် ဌာနအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့်သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက်အမျိုးအစားများကိုသာ ကောက်ခံနိုင်မည်။

## အပိုင်း - ၃

## ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

### အခန်း (၁)

### ရငွေများနှင့် သုံးငွေများ

၆။ (က) ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် လုပ်ငန်းများကို စီးပွားရေး ဆန်ဆန် ဆောင်ရွက်နိုင်ရေးနှင့် မိမိတို့၏ငွေကြေးအင်အားအပေါ် မိမိတို့ရပ်တည်နိုင်ရေးမူနှင့် အညီ ဆောင်ရွက်ကြရာတွင် အဖွဲ့အစည်းများအလိုက် ကုန်ပစ္စည်းထုတ်လုပ်မှု၊ ဆောင်ရွက်မှုနှင့် ကုန်သွယ်မှုလုပ်ငန်းများအတွက် လိုအပ်သည့် သာမန်အသုံးစရိတ်များသုံးစွဲမှုကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏သတ်မှတ်ချက်နှင့်အညီ မိမိတို့၏ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။

(ခ) ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် ငွေလုံးငွေရင်းအသုံးစရိတ်များကို ပြည်နယ်၏ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။

၇။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ငွေအဝင်နှင့်အထွက်ကို စာရင်းပြုစုရန်အလို့ငှာ ပြည်နယ်၏ဘဏ္ဍာရန်ပုံငွေစာရင်းတွင် ဖော်ပြရမည်။

၈။ (က) ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသည့် ရငွေများနှင့်သုံးငွေများသည် ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများက စီမံကိန်းရည်မှန်းချက်များအရ ထမြောက် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ရည်မှန်းထားသောငွေများဖြစ်သည်။

(ခ) ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေနှင့်သုံးငွေအတွက် တာဝန် ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၅) နှင့် (၆) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြ ထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့်သုံးငွေတို့ကို စီမံခန့်ခွဲခြင်း ပြုရမည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၂)

## ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့်ပတ်သက်၍ ပြည်နယ်အစိုးရအဖွဲ့၏လုပ်ပိုင်ခွင့်များ

၉။ (က) ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းအရ လိုအပ်လျှင် ဤဥပဒေ၏ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသောငွေများကို ဤဥပဒေအရ ခွင့်ပြုထားသောငွေများအတွင်း ပြောင်းလဲပေးနိုင်သည်။ ထိုသို့ ငွေများပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့တင်ပြသော ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သောပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်း ဖော်ပြရမည်။

(ခ) ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအား လုပ်ငန်းလုပ်ကိုင်ရန် လိုအပ်သည့်လုပ်ငန်းသုံးရင်းနှီးငွေကိုလည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအတွက် လိုအပ်သည့်ငွေကိုလည်းကောင်း ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့် ဖြစ်စေ ပြည်ထောင်စုအစိုးရသို့ တင်ပြခွင့်ပြုချက် ရယူဆောင်ရွက်ခြင်းပြုနိုင်သည်။

(ဂ) ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများက နိုင်ငံတော်သို့ ထည့်ဝင်ရမည့်ငွေကို သတ်မှတ်ပေးရမည်။

## အခန်း (၃)

## ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဘဏ္ဍာရေးဆိုင်ရာ လုပ်ပိုင်ခွင့်များ

၁၀။ (က) ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသော သက်ဆိုင်ရာတာဝန်ခံပုဂ္ဂိုလ်၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မိမိတို့၏လုပ်ငန်းများကို စီမံခန့်ခွဲရမည်၊

(ခ) ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသောငွေများကို ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများက မိမိတို့လုပ်ငန်းလိုအပ်ချက်အရ ပြောင်းလဲလိုပါက ဤဥပဒေအရ ခွင့်ပြုထားသောငွေများအတွင်း ပြည်နယ်အစိုးရအဖွဲ့သို့တင်ပြ၍ ခွင့်ပြုချက်ရယူပြီး ပြောင်းလဲ ပေးနိုင်သည်။

## အပိုင်း - ၄

## သီးသန့်ရန်ပုံငွေ

၁၁။ ပြည်နယ်အစိုးရအဖွဲ့သည် အရအသုံးခန့်မှန်းခြေငွေစာရင်းလျာထားချက်တွင် ပါဝင်ခြင်းမရှိသော အသုံးစရိတ်အတွက် သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရသာ သုံးစွဲနိုင်သည်။

၁၂။ ပြည်နယ်အစိုးရအဖွဲ့သည် ပြည်ထောင်စု၏ သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲသည့် ကိစ္စရပ်များကို ကိစ္စ တစ်ရပ်ချင်း ကျိုးကြောင်းဖော်ပြချက်များနှင့်အတူ အနီးကပ်ဆုံးကျင်းပသော ပြည်နယ်လွှတ်တော် အစည်းအဝေးသို့ တင်ပြရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

ညီပု
ဝန်ကြီးချုပ်
ရခိုင်ပြည်နယ်အစိုးရအဖွဲ့

## ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်

ဇယား (၁)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများမှ ရငွေ | အခြားသာမန် ရငွေ | အတိုး ရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ပအကူအညီ ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ - ထုတ်ချေးငွေအတွက် ပြန်ရငွေ | ကြွေးမြီ - ချေးယူ ရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှ ရငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ |
| ၁ | အစိုးရအဖွဲ့ | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၈,၆၀၄. ၃၅၁ | | | | | | | | ၈,၆၀၄. ၃၅၁ |
| ၂ | လွှတ်တော် | လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | | | ၃. ၆၀၀ | | | | | | | | ၃. ၆၀၀ |
| ၃ | တရားလွှတ်တော် | ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်က တာဝန်ပေးသူ | | | ၂၁၁. ၀၀၀ | | | | | | | | ၂၁၁. ၀၀၀ |
| ၄ | ဥပဒေချုပ်ရုံး | ပြည်နယ်ဥပဒေချုပ် သို့မဟုတ် ပြည်နယ်ဥပဒေချုပ်က တာဝန်ပေးသူ | | | ၀. ၃၅၀ | | | | | | | | ၀. ၃၅၀ |
| ၅ | စာရင်းစစ်ချုပ်ရုံး | ပြည်နယ်စာရင်းစစ်ချုပ် သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်က တာဝန်ပေးသူ | | | ၁၂. ၇၀၇ | | | | | | | | ၁၂. ၇၀၇ |
| | | **စုစုပေါင်း** | | | **၈,၈၃၂. ၀၀၈** | | | | | | | | **၈,၈၃၂. ၀၀၈** |

ဇယား (၂)
(ကျပ်သန်းပေါင်း)

## ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | အစိုးရအဖွဲ့ | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၈,၉၃၈. ၆၅၀ | | | ၅၀,၄၉၀. ၂၁၇ | | | | ၅၉,၄၂၈. ၈၆၇ |
| ၂ | လွှတ်တော် | လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | ၁,၉၄၃. ၆၂၀ | | | ၇၀၆. ၅၄၀ | | | | ၂,၆၅၀. ၁၆၀ |
| ၃ | တရားလွှတ်တော် | ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်က တာဝန်ပေးသူ | ၅၈. ၀၀၀ | | | | | | | ၅၈. ၀၀၀ |
| ၄ | ဥပဒေချုပ်ရုံး | ပြည်နယ်ဥပဒေချုပ် သို့မဟုတ် ပြည်နယ်ဥပဒေချုပ်က တာဝန်ပေးသူ | ၇၄၇. ၈၁၉ | | | ၁၉၀. ၀၀၀ | | | | ၉၃၇. ၈၁၉ |
| ၅ | စာရင်းစစ်ချုပ်ရုံး | ပြည်နယ်စာရင်းစစ်ချုပ် သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၁,၀၉၀. ၁၅၇ | | | ၁၉၂. ၃၀၀ | | | | ၁,၂၈၂. ၄၅၇ |
| | | စုစုပေါင်း | ၁၂,၇၇၈. ၂၄၆ | | | ၅၁,၅၇၉. ၀၅၇ | | | | ၆၄,၃၅၇. ၃၀၃ |

## ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား (၃)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ - အခွန်အကောက် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများမှ ရငွေ | အခြား သာမန်ရငွေ | အတိုး ရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ပအကူအညီ ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြေးမြီ - ထုတ်ချေးငွေအတွက် ပြန်ရငွေ | ကြေးမြီ - ချေးယူ ရငွေ | အဖွဲ့အစည်း များတွင်ရင်းနှီးငွေမှ ရငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ |
| **၁** | | **ပြည်တွင်းထွက်ကုန်နှင့်ပြည်သူပြည်သားများသုံးစွဲမှုအပေါ်တွင် ကောက်ခံသည့်အခွန်အကောက်** | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | **၄၁၈. ၅၅၅** | | | | | | | | | | **၄၁၈. ၅၅၅** |
| | ၁ | ယစ်မျိုးခွန် | | ၄၁၈. ၅၅၅ | | | | | | | | | | ၄၁၈. ၅၅၅ |
| **၂** | | **နိုင်ငံတော်ပိုင်ပစ္စည်းများအသုံးပြုသည့်အပေါ်တွင် ကောက်ခံသည့် အခွန်အကောက်** | ၎င်း | **၃၄၈. ၄၁၆** | | | | | | | | | | **၃၄၈. ၄၁၆** |
| | ၁ | မြေယာပေါ်တွင်ကောက်ခံသည့်အခွန် | | ၈၉. ၂၄၀ | | | | | | | | | | ၈၉. ၂၄၀ |
| | ၂ | ရေနှင့် တာတမံခွန် | | ၀. ၁၇၅ | | | | | | | | | | ၀. ၁၇၅ |
| | ၃ | သစ်တောများမှ ပစ္စည်းများထုတ်ယူသည့်အတွက်ကောက်ခံသည့်အခွန် | | ၁၃၇. ၅၅၁ | | | | | | | | | | ၁၃၇. ၅၅၁ |
| | ၄ | ဓာတ်သတ္တုပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် | | ၄၀. ၀၉၅ | | | | | | | | | | ၄၀. ၀၉၅ |
| | ၅ | အင်းအိုင်ခွန် | | ၈၁. ၃၅၅ | | | | | | | | | | ၈၁. ၃၅၅ |
| **၃** | | **စည်ပင်သာယာရေးအဖွဲ့များမှ ကောက်ခံသည့်အခွန်** | ၎င်း | **၃၂၁. ၉၂၁** | | | | | | | | | | **၃၂၁. ၉၂၁** |
| | ၁ | ပစ္စည်းခွန် | | ၂၈၁. ၁၁၅ | | | | | | | | | | ၂၈၁. ၁၁၅ |
| | ၂ | ဘီးခွန် | | ၄၀. ၈၀၆ | | | | | | | | | | ၄၀. ၈၀၆ |
| **၄** | | **ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ** | ၎င်း | | | | | | | | | | | |
| **၅** | | **ပြည်ထဲရေးဝန်ကြီးဌာန** | ၎င်း | | | **၁၇. ၂၇၇** | | | | | | | | **၁၇. ၂၇၇** |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | | | ၉. ၂၀၀ | | | | | | | | ၉. ၂၀၀ |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | | | ၀. ၀၇၇ | | | | | | | | ၀. ၀၇၇ |
| | ၃ | မီးသတ်ဦးစီးဌာန | | | | ၈. ၀၀၀ | | | | | | | | ၈. ၀၀၀ |
| **၆** | | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** | ၎င်း | | | **၂၅. ၃၆၂** | | | | | | | | **၂၅. ၃၆၂** |
| | ၁ | စိုက်ပျိုးရေးဦးစီးဌာန | | | | ၈. ၅၀၀ | | | | | | | | ၈. ၅၀၀ |
| | ၂ | ငါးလုပ်ငန်းဦးစီးဌာန | | | | ၅. ၀၅၀ | | | | | | | | ၅. ၀၅၀ |
| | ၃ | မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | | | | ၃. ၈၆၈ | | | | | | | | ၃. ၈၆၈ |
| | ၄ | သမဝါယမဦးစီးဌာန | | | | ၂. ၀၀၄ | | | | | | | | ၂. ၀၀၄ |
| | ၅ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | | | ၅. ၉၄၀ | | | | | | | | ၅. ၉၄၀ |
| **၇** | | **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန** | ၎င်း | | | **၁၃. ၁၀၀** | | | | | | | | **၁၃. ၁၀၀** |
| | ၁ | သစ်တောဦးစီးဌာန | | | | ၅. ၁၀၀ | | | | | | | | ၅. ၁၀၀ |
| | ၂ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | | | | | | | | | | | | |
| | ၃ | သတ္တုတွင်းဦးစီးဌာန (ရခိုင်ပြည်နယ်ဆားလုပ်ငန်းရုံး) | | | | ၈. ၀၀၀ | | | | | | | | ၈. ၀၀၀ |
| **၈** | | **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန** | ၎င်း | | | **၁၂. ၀၆၀** | | | | | | | | **၁၂. ၀၆၀** |
| | ၁ | အားကစားနှင့် ကာယပညာဦးစီးဌာန | | | | ၁၂. ၀၆၀ | | | | | | | | ၁၂. ၀၆၀ |
| **၉** | | **စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန** | ၎င်း | | | **၁၈. ၅၃၀** | | | | **၁၄၈,၅၈၀. ၀၅၁** | | | | **၁၄၈,၅၉၈. ၅၈၁** |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | | | ၀. ၂၀၀ | | | | | | | | ၀. ၂၀၀ |
| | ၂ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | | | | | | | ၁၄၈,၅၈၀. ၀၅၁ | | | | ၁၄၈,၅၈၀. ၀၅၁ |
| | ၃ | ဗဟိုစာရင်းအင်းအဖွဲ့ | | | | | | | | | | | | |
| | ၄ | ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | | | | ၁၈. ၃၃၀ | | | | | | | | ၁၈. ၃၃၀ |
| **၁၀** | | **ဆောက်လုပ်ရေးဝန်ကြီးဌာန** | ၎င်း | | | ၄၃. ၄၀၈ | | | | | | | | ၄၃. ၄၀၈ |
| | ၁ | မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | | | ၄၀. ၀၂၆ | | | | | | | | ၄၀. ၀၂၆ |
| | ၂ | လမ်းဦးစီးဌာန | | | | ၃. ၃၈၂ | | | | | | | | ၃. ၃၈၂ |
| **၁၁** | | **စည်ပင်သာယာရေးအဖွဲ့များ** | ၎င်း | | | **၄,၉၆၂. ၂၀၉** | | | | | | | | **၄,၉၆၂. ၂၀၉** |
| | | **စုစုပေါင်း** | | **၁,၀၈၈. ၈၉၂** | | **၅,၀၉၁. ၉၄၆** | | | | **၁၄၈,၅၈၀. ၀၅၁** | | | | **၁၅၄,၇၆၀. ၈၈၉** |

ဇယား (၄)
(ကျပ်သန်းပေါင်း)

## ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| **၁** | | **ပြည်ထဲရေးဝန်ကြီးဌာန** | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | **၁၁,၀၈၇. ၁၅၆** | | | **၃,၉၂၃. ၉၃၀** | | | | **၁၅,၀၁၁. ၀၈၆** |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | ၈,၄၅၈. ၅၃၃ | | | ၂,၁၅၃. ၉၃၀ | | | | ၁၀,၆၁၂. ၄၆၃ |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | ၂၇၁. ၀၃၇ | | | ၂၇၀. ၀၀၀ | | | | ၅၄၁. ၀၃၇ |
| | ၃ | မီးသတ်ဦးစီးဌာန | | ၂,၃၅၇. ၅၈၆ | | | ၁,၅၀၀. ၀၀၀ | | | | ၃,၈၅၇. ၅၈၆ |
| **၂** | | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန** | ၎င်း | **၅,၄၇၆. ၅၆၉** | | | **၈၈၅. ၁၆၀** | | | | **၆,၃၆၁. ၇၂၉** |
| | ၁ | စိုက်ပျိုးရေးဦးစီးဌာန | | ၃,၄၃၈. ၀၁၇ | | | ၃၃၆. ၃၆၀ | | | | ၃,၇၇၄. ၃၇၇ |
| | ၂ | ငါးလုပ်ငန်းဦးစီးဌာန | | ၆၅၂. ၂၀၄ | | | ၁၇၃. ၈၀၀ | | | | ၈၂၆. ၀၀၄ |
| | ၃ | မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | | ၄၁၈. ၂၁၂ | | | ၁၀၀. ၀၀၀ | | | | ၅၁၈. ၂၁၂ |
| | ၄ | သမဝါယမဦးစီးဌာန | | ၈၂၀. ၈၄၉ | | | ၇၅. ၀၀၀ | | | | ၈၉၅. ၈၄၉ |
| | ၅ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | ၁၄၇. ၂၈၇ | | | ၂၀၀. ၀၀၀ | | | | ၃၄၇. ၂၈၇ |
| **၃** | | **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန** | ၎င်း | **၁,၇၀၀. ၁၂၇** | | | **၇၃၈. ၆၉၀** | | | | **၂,၄၃၈. ၈၁၇** |
| | ၁ | သစ်တောဦးစီးဌာန | | ၁,၅၀၀. ၀၂၈ | | | ၁၂၇. ၂၅၀ | | | | ၁,၆၂၇. ၂၇၈ |
| | ၂ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | | ၁၂၅. ၁၀၇ | | | ၅၈၂. ၄၄၀ | | | | ၇၀၇. ၅၄၇ |
| | ၃ | သတ္တုတွင်းဦးစီးဌာန (ရခိုင်ပြည်နယ်ဆားလုပ်ငန်းရုံး) | | ၇၄. ၉၉၂ | | | ၂၉. ၀၀၀ | | | | ၁၀၃. ၉၉၂ |
| **၄** | | **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန** | ၎င်း | **၁,၀၇၃. ၇၅၆** | | | **၉၈၆. ၅၀၀** | | | | **၂,၀၆၀. ၂၅၆** |
| | ၁ | အားကစားနှင့် ကာယပညာဦးစီးဌာန | | ၁,၀၇၃. ၇၅၆ | | | ၉၈၆. ၅၀၀ | | | | ၂,၀၆၀. ၂၅၆ |
| **၅** | | **စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန** | ၎င်း | **၉၉၀. ၁၂၅** | | | **၇၃၀. ၂၃၉** | | | | **၁,၇၂၀. ၃၆၄** |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၆၇၅. ၄၃၀ | | | ၅၅၀. ၈၀၄ | | | | ၁,၂၂၆. ၂၃၄ |
| | ၂ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | ၁၀၈. ၀၂၄ | | | ၄၀. ၀၀၀ | | | | ၁၄၈. ၀၂၄ |
| | ၃ | ဗဟိုစာရင်းအင်းအဖွဲ့ | | ၁၂၀. ၃၁၂ | | | ၁၂၈. ၅၀၀ | | | | ၂၄၈. ၈၁၂ |
| | ၄ | ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | | ၈၆. ၃၅၉ | | | ၁၀. ၉၃၅ | | | | ၉၇. ၂၉၄ |
| **၆** | | **ဆောက်လုပ်ရေးဝန်ကြီးဌာန** | ၎င်း | **၁၀,၃၅၃. ၉၂၁** | | | **၃၅,၈၆၄. ၈၆၉** | | | | **၄၆,၂၁၈. ၇၉၀** |
| | ၁ | မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | ၃၅၃. ၉၂၁ | | | ၆,၀၄၄. ၈၆၉ | | | | ၆,၃၉၈. ၇၉၀ |
| | ၂ | လမ်းဦးစီးဌာန | | ၁၀,၀၀၀. ၀၀၀ | | | ၂၉,၈၂၀. ၀၀၀ | | | | ၃၉,၈၂၀. ၀၀၀ |
| **၇** | | **စည်ပင်သာယာရေးအဖွဲ့များ** | ၎င်း | **၂,၇၉၉. ၆၃၆** | | | **၂,၄၈၄. ၄၉၄** | | | | **၅,၂၈၄. ၁၃၀** |
| | | **စုစုပေါင်း** | | **၃၃,၄၈၁. ၂၉၀** | | | **၄၅,၆၁၃. ၈၈၂** | | | | **၇၉,၀၉၅. ၁၇၂** |

## ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား (၅)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | ကြွေးမြီ | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုစုပေါင်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ |
| **၁** | | **လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန** | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | **၅. ၀၀၀** | | | | | | | | **၅. ၀၀၀** |
| | ၁ | လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | | | | ၅. ၀၀၀ | | | | | | | | ၅. ၀၀၀ |
| | | **စုစုပေါင်း** | | | | **၅. ၀၀၀** | | | | | | | | **၅. ၀၀၀** |

ဇယား (၆)
(ကျပ်သန်းပေါင်း)

## ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ: သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ: ထုတ်ချေးငွေ | ကြွေးမြီ: ချေးယူရငွေအတွက်ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | | **လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန** | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | | **၂၀,၁၄၅. ၄၂၂** | | | | **၂၀,၁၄၅. ၄၂၂** |
| | ၁ | လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | | | | | ၂၀,၁၄၅. ၄၂၂ | | | | ၂၀,၁၄၅. ၄၂၂ |
| | | **စုစုပေါင်း** | | | | | **၂၀,၁၄၅. ၄၂၂** | | | | **၂၀,၁၄၅. ၄၂၂** |

# ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

## (၂၀၁၈ ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၆။)

၁၃၈၀ ပြည့်နှစ်၊ တော်သလင်းလဆန်း ၁၂ ရက်

(၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်)

ရှမ်းပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အပိုင်း - ၁

### အမည်နှင့် စတင်အကျိုးသက်ရောက်သည့်နေ့ရက်

၁။ (က) ဤဥပဒေကို ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့ထိ ကုန်ဆုံးသည့်ကာလအတွက် ဖြစ်ရမည်။

(ဂ) ဤဥပဒေသည် ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ စတင် အကျိုးသက်ရောက်စေရမည်။

### အပိုင်း - ၂

### ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် ပြည်နယ်အဆင့်ဦးစီးဌာနများ

### အခန်း (၁)

### ရငွေများနှင့် သုံးငွေများ

၂။ ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် ပြည်နယ်အဆင့်ဦးစီးဌာနများသည် ပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ ဆောင်ရွက်၍ရသော ရငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် ပြည်နယ်အဆင့်ဦးစီးဌာနများ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်း ပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၄။ (က) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် ပြည်နယ်အဆင့်ဦးစီးဌာနများသည် ဇယား (၁) နှင့် (၃) တို့တွင် မိမိတို့နှင့် ယှဉ်တွဲဖော်ပြထားသော ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် ဤဥပဒေအရ

လျာထားသောရငွေတို့ထက်တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေ ရသောရငွေများနှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့တင်ပြသော ၂၀၁၈-၂၀၁၉ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ခ) ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် ပြည်နယ်အဆင့်ဦးစီးဌာနများသည် ဇယား (၂) နှင့် (၄) တို့တွင် မိမိတို့နှင့် ယှဉ်တွဲဖော်ပြထားသော သုံးငွေများကို စီမံခန့်ခွဲရာတွင် ဤဥပဒေအရ ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲရန် လိုအပ်ပါက ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သုံးစွဲနိုင်သည်။ ထိုသို့ ငွေများလွှဲပြောင်းသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၈-၂၀၁၉ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ဂ) ပြည်နယ်အစိုးရအဖွဲ့သည် လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ဖြင့် ပြည်ထောင်စုအစိုးရထံမှ ရယူဆောင်ရွက်နိုင်သည်။

(ဃ) ပြည်နယ်အစိုးရအဖွဲ့သည် ပြည်ထောင်စုအစိုးရအဖွဲ့က ဘဏ္ဍာရေးကော်မရှင်နှင့် ညှိနှိုင်းရရှိသည့် ပြည်နယ်၏အရအသုံးခန့်မှန်းခြေငွေစာရင်းအရ လိုအပ်သည့်ငွေကို ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေမှ သင့်တင့်လျောက်ပတ်စွာ ဖြည့်ဆည်းပေးငွေများရယူခြင်း၊ အထူးကိစ္စရပ်များအတွက် ထောက်ပံ့ငွေများရယူခြင်း၊ လိုအပ်သည့်ချေးငွေများရယူခြင်းတို့ကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ရယူနိုင်သည်။ အဆိုပါ ကိစ္စရပ်များအတွက် ပြည်နယ်လွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူရမည်။

၅။ ပုဒ်မ ၂ ပါ ဌာနအဖွဲ့အစည်းများသည် မိမိတို့နှင့်သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက်အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

## အခန်း (၂)
## ငွေချေးယူခြင်း

၆။ ပြည်နယ်အစိုးရအဖွဲ့သည် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်နယ်အဆင့် ဌာနအဖွဲ့အစည်းများ၏ လုပ်ငန်းစီမံချက် တစ်ရပ်ရပ်အတွက် ပြည်ပမှရရှိသော ချေးငွေများကို ရယူခြင်း၊ ချေးငွေများကို သုံးစွဲခြင်းတို့အားဆောင်ရွက်ရာတွင် ပြည်ထောင်စုဥပဒေနှင့်အညီ ဖြစ်စေရမည်။ အဆိုပါ ကိစ္စရပ်များအတွက် ပြည်နယ်လွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူရမည်။

## အခန်း (၃)
## ပြည်ပအကူအညီရယူခြင်း

၇။ ပြည်နယ်အစိုးရအဖွဲ့သည် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်နယ်အဆင့် ဌာနအဖွဲ့အစည်းများ၏ လုပ်ငန်းစီမံချက် တစ်ရပ်ရပ်အတွက် ပြည်ပအကူအညီကို ငွေသား၊ ပစ္စည်း၊ ဆောင်ရွက်ပေးမှုတို့ဖြင့် ရယူခြင်းနှင့် သုံးစွဲခြင်းတို့အား ဆောင်ရွက်ရာတွင် ပြည်ထောင်စုဥပဒေနှင့်အညီ ဖြစ်စေရမည်။ အဆိုပါ ကိစ္စရပ်များအတွက် ပြည်နယ်လွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူရမည်။

## အပိုင်း - ၃
## ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေများနှင့် သုံးငွေများ

၈။ ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် ပြည်နယ်၏ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ ဆောင်ရွက်၍ရသောရငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၉။ (က) ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၅) နှင့် (၆) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၁၀။ (က) ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် ဇယား (၅) နှင့် (၆) တို့တွင် မိမိတို့နှင့် ယှဉ်တွဲဖော်ပြထားသောငွေများကို လုပ်ငန်းအရလိုအပ်လျှင် ပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြ၍ ခွင့်ပြုချက်ရယူပြီး ပြောင်းလဲပေးနိုင်သည်။ ထိုသို့ ငွေများပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၈-၂၀၁၉ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သောပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင်လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

(ခ) ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ လုပ်ငန်းလုပ်ကိုင်ရန် လိုအပ်သည့် လုပ်ငန်းသုံးရင်းနှီးငွေကိုလည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် လိုအပ်သည့်ငွေကိုလည်းကောင်း ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ဖြင့် ပြည်ထောင်စုအစိုးရထံမှ ရယူဆောင်ရွက်နိုင်သည်။

(ဂ) ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှ နိုင်ငံတော်သို့ ထည့်ဝင်ရမည့်ငွေကို သတ်မှတ်ပေးရမည်။

## အပိုင်း - ၄
## စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေများနှင့် သုံးငွေများ

၁၁။ စည်ပင်သာယာရေးအဖွဲ့များသည် ပြည်နယ်၏ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် စည်ပင်သာယာရေးလုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ ဆောင်ရွက်၍ရသော ရငွေများကို ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၁၂။ (က) စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်သည် ဇယား (၇) နှင့် (၈) တို့တွင် ဖော်ပြထားသည့်ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့်ပုဂ္ဂိုလ်သည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) စည်ပင်သာယာရေးအဖွဲ့များသည် ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသော ရငွေတို့ထက် တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေ ရသောရငွေများနှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၈-၂၀၁၉ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင်လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

(င) စည်ပင်သာယာရေးအဖွဲ့များသည် သုံးငွေများကို စီမံခန့်ခွဲရာတွင် ဤဥပဒေအရ ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ်လွှဲပြောင်းသုံးစွဲရန် လိုအပ်ပါက ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပြောင်းလဲသုံးစွဲနိုင်သည်။ ထိုသို့ ငွေများလွှဲပြောင်းသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၈-၂၀၁၉ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

၁၃။ စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့်သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက်အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

၁၄။ ပြည်နယ်အစိုးရအဖွဲ့သည် စည်ပင်သာယာရေးအဖွဲ့များ လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ဖြင့် ပြည်ထောင်စုအစိုးရထံမှ ရယူဆောင်ရွက်နိုင်သည်။

## အပိုင်း - ၅

## အရေးပေါ်ရန်ပုံငွေ

၁၅။ ပြည်နယ်အစိုးရအဖွဲ့သည် အရအသုံးခန့်မှန်းခြေငွေစာရင်း လျာထားချက်တွင် ပါဝင်ခြင်းမရှိသော အသုံးစရိတ်အတွက် ပြည်ထောင်စု၏အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရသာ သုံးစွဲနိုင်သည်။

၁၆။ ပြည်နယ်အစိုးရအဖွဲ့သည် ပြည်ထောင်စု၏ အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း ကျိုးကြောင်းဖော်ပြချက်များနှင့်အတူ အနီးကပ်ဆုံးကျင်းပသော ပြည်နယ်လွှတ်တော် အစည်းအဝေးသို့ တင်ပြရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ဒေါက်တာလင်းထွဋ်
ဝန်ကြီးချုပ်
ရှမ်းပြည်နယ်အစိုးရအဖွဲ့

## ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်

ဇယား (၁)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | ကြေးမြီ | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | ပြည်နယ်အဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ |
| ၁ | ပြည်နယ်အစိုးရအဖွဲ့ | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၁၉,၂၇၇. ၈၃၈ | | ၆,၀၀၄. ၀၀၀ | | | | | | ၂၅,၂၈၁. ၈၃၈ |
| ၂ | ပြည်နယ်လွှတ်တော် | ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | | | ၂. ၀၀၀ | | | | | | | | ၂. ၀၀၀ |
| ၃ | ပြည်နယ်တရားလွှတ်တော် | ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်က တာဝန်ပေးသူ | | | ၂၃၇. ၂၈၈ | | | | | | | | ၂၃၇. ၂၈၈ |
| ၄ | ပြည်နယ်ဥပဒေချုပ် | ပြည်နယ်ဥပဒေချုပ် သို့မဟုတ် ပြည်နယ်ဥပဒေချုပ်က တာဝန်ပေးသူ | | | ၀. ၉၅၀ | | | | | | | | ၀. ၉၅၀ |
| ၅ | ပြည်နယ်စာရင်းစစ်ချုပ် | ပြည်နယ်စာရင်းစစ်ချုပ် သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်က တာဝန်ပေးသူ | | | ၀. ၅၇၂ | | | | | | | | ၀. ၅၇၂ |
| | ပေါင်း | | | | ၁၉,၅၁၈. ၆၄၈ | | ၆,၀၀၄. ၀၀၀ | | | | | | ၂၅,၅၂၂. ၆၄၈ |

## ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်

ဇယား (၂)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | ပြည်နယ်အစိုးရအဖွဲ့ | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၈,၅၄၉. ၀၆၄ | | ၅,၅၀၀. ၀၀၀ | ၄၇,၂၈၁. ၄၉၈ | | | | ၆၁,၃၃၀. ၅၆၂ |
| ၂ | ပြည်နယ်လွှတ်တော် | ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | ၁,၁၁၁. ၅၈၄ | | | ၆၀၈. ၆၂၂ | | | | ၁,၇၂၀. ၂၀၆ |
| ၃ | ပြည်နယ်တရားလွှတ်တော် | ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်က တာဝန်ပေးသူ | ၆၆. ၀၀၀ | | | | | | | ၆၆. ၀၀၀ |
| ၄ | ပြည်နယ်ဥပဒေချုပ် | ပြည်နယ်ဥပဒေချုပ် သို့မဟုတ် ပြည်နယ်ဥပဒေချုပ်က တာဝန်ပေးသူ | ၁,၀၃၉. ၁၄၄ | | | ၅၄၇. ၂၅၀ | | | | ၁,၅၈၆. ၃၉၄ |
| ၅ | ပြည်နယ်စာရင်းစစ်ချုပ် | ပြည်နယ်စာရင်းစစ်ချုပ် သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၂,၂၃၆. ၇၈၉ | | | ၄၉၉. ၅၆၇ | | | | ၂,၇၃၆. ၃၅၆ |
| | ပေါင်း | | **၁၃,၀၀၂. ၅၈၁** | | **၅,၅၀၀. ၀၀၀** | **၄၈,၉၃၆. ၉၃၇** | | | | **၆၇,၄၃၉. ၅၁၈** |

ဇယား (၃)
(ကျပ်သန်းပေါင်း)

## ပြည်နယ်အဆင့်ဦးစီးဌာနများ၊ စည်ပင်သာယာရေးအဖွဲ့များ

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | ကြေးမြီ | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများမှ ရငွေ | အခြား သာမန်ရငွေ | အတိုးရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ငွေလုံး ငွေရင်းရငွေ | ပြည်ပ အကူအညီရငွေ | ထုတ်ချေး ငွေအတွက် ပြန်ရငွေ | ချေးယူ ရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ | စုစုပေါင်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ |
| **၁** | | **ပြည်တွင်းထွက်ကုန်နှင့် ပြည်သူပြည်သားများသုံးစွဲမှုအပေါ်တွင် ကောက်ခံသည့်အခွန်အကောက်** | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | **၉၉၀. ၆၁၃** | | | | | | | | | | **၉၉၀. ၆၁၃** |
| | ၁ | ယစ်မျိုးခွန် | | ၉၉၀. ၆၁၃ | | | | | | | | | | ၉၉၀. ၆၁၃ |
| **၂** | | **နိုင်ငံပိုင်သယံဇာတများ ထုတ်လုပ်သုံးစွဲမှုအပေါ်ကောက်ခံသည့် အခွန်အကောက်** | ၎င်း | **၆၅၇. ၉၁၇** | | | | | | | | | | **၆၅၇. ၉၁၇** |
| | ၁ | မြေယာပေါ်တွင်ကောက်ခံသည့်အခွန် | | ၃၈၃. ၇၉၈ | | | | | | | | | | ၃၈၃. ၇၉၈ |
| | ၂ | ရေခွန်နှင့် တာတမံခွန် | | ၂၈. ၂၆၀ | | | | | | | | | | ၂၈. ၂၆၀ |
| | ၃ | သစ်တောများမှ ပစ္စည်းများထုတ်ယူသည့်အတွက်ကောက်ခံသည့်အခွန် | | ၁၃၃. ၄၃၀ | | | | | | | | | | ၁၃၃. ၄၃၀ |
| | ၄ | ဓာတ်သတ္တုပစ္စည်းများ ထုတ်လုပ်သည့်အတွက်ကောက်ခံသည့်အခွန် | | ၁၀၂. ၄၂၉ | | | | | | | | | | ၁၀၂. ၄၂၉ |
| | ၅ | အင်းအိုင်ခွန် | | ၁၀. ၀၀၀ | | | | | | | | | | ၁၀. ၀၀၀ |
| **၃** | | **စည်ပင်သာယာရေးအဖွဲ့မှ ကောက်ခံသည့်အခွန်** | ၎င်း | **၁,၂၄၆. ၅၅၈** | | | | | | | | | | **၁,၂၄၆. ၅၅၈** |
| | ၁ | ပစ္စည်းခွန် | | ၉၃၂. ၁၅၀ | | | | | | | | | | ၉၃၂. ၁၅၀ |
| | ၂ | ဘီးခွန် | | ၃၁၄. ၄၀၈ | | | | | | | | | | ၃၁၄. ၄၀၈ |
| | ၃ | အခွန်ဝေစု | | | | | | | | | | | | |
| **၄** | | **နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ** | ၎င်း | | | | | | | | | | | |
| **၅** | | **ပြည်ထဲရေး** | ၎င်း | | | **၅၄. ၄၀၀** | | | | | | | | **၅၄. ၄၀၀** |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | | | ၄၇. ၁၅၀ | | | | | | | | ၄၇. ၁၅၀ |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | | | ၀. ၁၀၀ | | | | | | | | ၀. ၁၀၀ |
| | ၃ | မီးသတ်ဦးစီးဌာန | | | | ၇. ၁၅၀ | | | | | | | | ၇. ၁၅၀ |
| **၆** | | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း** | ၎င်း | | | **၉၉. ၃၄၀** | | | | | | | | **၉၉. ၃၄၀** |
| | ၁ | စိုက်ပျိုးရေးဦးစီးဌာန | | | | ၅၀. ၀၀၀ | | | | | | | | ၅၀. ၀၀၀ |
| | ၂ | ငါးလုပ်ငန်းဦးစီးဌာန | | | | ၅. ၂၉၂ | | | | | | | | ၅. ၂၉၂ |
| | ၃ | မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | | | | ၃၂. ၇၀၆ | | | | | | | | ၃၂. ၇၀၆ |
| | ၄ | သမဝါယမဦးစီးဌာန | | | | ၅. ၆၄၂ | | | | | | | | ၅. ၆၄၂ |
| | ၅ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | | | ၅. ၇၀၀ | | | | | | | | ၅. ၇၀၀ |
| **၇** | | **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၎င်း | | | **၁၅. ၆၀၀** | | | | | | | | **၁၅. ၆၀၀** |
| | ၁ | သစ်တောဦးစီးဌာန | | | | ၁၁. ၅၇၀ | | | | | | | | ၁၁. ၅၇၀ |
| | ၂ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | | | | ၀. ၂၀၀ | | | | | | | | ၀. ၂၀၀ |
| | ၃ | သတ္တုတွင်းဦးစီးဌာန၊ ဆားလုပ်ငန်းဌာနခွဲ | | | | ၃. ၈၃၀ | | | | | | | | ၃. ၈၃၀ |
| **၈** | | **ကျန်းမာရေးနှင့် အားကစား** | ၎င်း | | | **၉၉. ၇၇၂** | | | | | | | | **၉၉. ၇၇၂** |
| | ၁ | အားကစားနှင့် ကာယပညာဦးစီးဌာန | | | | ၉၉. ၇၇၂ | | | | | | | | ၉၉. ၇၇၂ |
| **၉** | | **စီမံကိန်းနှင့် ဘဏ္ဍာရေး** | ၎င်း | | **၉. ၅၄၄** | **၇၃. ၂၄၆** | | **၂၂၄,၀၉၀. ၇၈၂** | | | | | | **၂၂၄,၁၇၃. ၅၇၂** |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | | | ၁. ၀၉၆ | | | | | | | | ၁. ၀၉၆ |
| | ၂ | ဗဟိုစာရင်းအင်းအဖွဲ့ | | | | ၀. ၁၅၀ | | | | | | | | ၀. ၁၅၀ |
| | ၃ | ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | | | | ၇၂. ၀၀၀ | | | | | | | | ၇၂. ၀၀၀ |
| | ၄ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | | ၉. ၅၄၄ | | | ၂၂၄,၀၉၀. ၇၈၂ | | | | | | ၂၂၄,၁၀၀. ၃၂၆ |
| **၁၀** | | **ဆောက်လုပ်ရေး** | ၎င်း | | | **၁၄၂. ၆၄၄** | | | | | | | | **၁၄၂. ၆၄၄** |
| | ၁ | မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | | | ၉၂. ၂၉၄ | | | | | | | | ၉၂. ၂၉၄ |
| | ၂ | လမ်းဦးစီးဌာန | | | | ၅၀. ၃၅၀ | | | | | | | | ၅၀. ၃၅၀ |
| | | ပေါင်း | | ၂,၈၉၅. ၀၈၈ | ၉. ၅၄၄ | ၄၈၅. ၀၀၂ | | ၂၂၄,၀၉၀. ၇၈၂ | | | | | | ၂၂၇,၄၈၀. ၄၁၆ |

## ပြည်နယ်အဆင့်ဦးစီးဌာနများ

ဇယား (၄)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ: ထုတ်ချေးငွေ | ကြွေးမြီ: ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုစုပေါင်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| **၁** | | **ပြည်ထဲရေး** | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | **၂၃,၂၆၈. ၁၆၆** | | | **၈,၀၅၂. ၄၂၄** | | | | **၃၁,၃၂၀. ၅၉၀** |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | ၁၇,၁၅၉. ၃၇၂ | | | ၃,၀၀၀. ၀၀၀ | | | | ၂၀,၁၅၉. ၃၇၂ |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | ၃၇၀. ၉၀၂ | | | ၁၉၉. ၀၀၀ | | | | ၅၆၉. ၉၀၂ |
| | ၃ | မီးသတ်ဦးစီးဌာန | | ၅,၇၃၇. ၈၉၂ | | | ၄,၈၅၃. ၄၂၄ | | | | ၁၀,၅၉၁. ၃၁၆ |
| **၂** | | **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း** | ၎င်း | **၉,၄၁၃. ၈၅၁** | | | **၁,၈၀၅. ၃၀၈** | | | | **၁၁,၂၁၉. ၁၅၉** |
| | ၁ | စိုက်ပျိုးရေးဦးစီးဌာန | | ၆,၂၇၁. ၆၁၆ | | | ၇၄၀. ၅၃၀ | | | | ၇,၀၁၂. ၁၄၆ |
| | ၂ | ငါးလုပ်ငန်းဦးစီးဌာန | | ၂၁၃. ၀၂၂ | | | ၁၀၇. ၆၆၀ | | | | ၃၂၀. ၆၈၂ |
| | ၃ | မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန | | ၁,၂၉၀. ၅၉၂ | | | ၄၈၂. ၉၀၈ | | | | ၁,၇၇၃. ၅၀၀ |
| | ၄ | သမဝါယမဦးစီးဌာန | | ၁,၃၈၀. ၂၄၆ | | | ၂၄၅. ၁၀၀ | | | | ၁,၆၂၅. ၃၄၆ |
| | ၅ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | ၂၅၈. ၃၇၅ | | | ၂၂၉. ၁၁၀ | | | | ၄၈၇. ၄၈၅ |
| **၃** | | **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၎င်း | **၃,၀၇၃. ၇၀၂** | | | **၁,၄၃၂. ၃၂၁** | | | | **၄,၅၀၆. ၀၂၃** |
| | ၁ | သစ်တောဦးစီးဌာန | | ၂,၇၈၁. ၄၄၈ | | | ၄၅၅. ၆၄၇ | | | | ၃,၂၃၇. ၀၉၅ |
| | ၂ | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန | | ၂၅၃. ၇၀၇ | | | ၉၆၉. ၆၇၄ | | | | ၁,၂၂၃. ၃၈၁ |
| | ၃ | သတ္တုတွင်းဦးစီးဌာန၊ ဆားလုပ်ငန်းဌာနခွဲ | | ၃၈. ၅၄၇ | | | ၇. ၀၀၀ | | | | ၄၅. ၅၄၇ |
| **၄** | | **ကျန်းမာရေးနှင့် အားကစား** | ၎င်း | **၂,၅၁၂. ၆၇၉** | | | **၂,၅၀၀. ၀၀၀** | | | | **၅,၀၁၂. ၆၇၉** |
| | ၁ | အားကစားနှင့် ကာယပညာဦးစီးဌာန | | ၂,၅၁၂. ၆၇၉ | | | ၂,၅၀၀. ၀၀၀ | | | | ၅,၀၁၂. ၆၇၉ |
| **၅** | | **စီမံကိန်းနှင့် ဘဏ္ဍာရေး** | ၎င်း | **၂,၁၆၇. ၇၅၄** | | | **၁,၅၉၀. ၅၆၂** | | | | **၃,၇၅၈. ၃၁၆** |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၁,၆၉၃. ၆၁၂ | | | ၈၈၁. ၇၉၈ | | | | ၂,၅၇၅. ၄၁၀ |
| | ၂ | ဗဟိုစာရင်းအင်းအဖွဲ့ | | ၁၃၆. ၁၆၈ | | | ၉၈. ၈၀၀ | | | | ၂၃၄. ၉၆၈ |
| | ၃ | ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန | | ၇၉. ၁၈၈ | | | ၃၆၅. ၆၁၅ | | | | ၄၄၄. ၈၀၃ |
| | ၄ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | ၂၅၈. ၇၈၆ | | | ၂၄၄. ၃၄၉ | | | | ၅၀၃. ၁၃၅ |
| **၆** | | **ဆောက်လုပ်ရေး** | ၎င်း | **၃၆,၂၉၆. ၇၀၅** | | | **၇၁,၅၅၆. ၇၆၁** | | | | **၁၀၇,၈၅၃. ၄၆၆** |
| | ၁ | မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန | | ၈၂၃. ၁၈၈ | | | ၃,၈၉၈. ၇၈၆ | | | | ၄,၇၂၁. ၉၇၄ |
| | ၂ | လမ်းဦးစီးဌာန | | ၃၅,၄၇၃. ၅၁၇ | | | ၆၇,၆၅၇. ၉၇၅ | | | | ၁၀၃,၁၃၁. ၄၉၂ |
| **၇** | | **ကုန်တင်၊ ကုန်ချကော်မတီရုံး** | ၎င်း | **၁၉. ၈၈၁** | | | | | | | **၁၉. ၈၈၁** |
| | | **ပေါင်း** | | **၇၆,၇၅၂. ၇၃၈** | | | **၈၆,၉၃၇. ၃၇၆** | | | | **၁၆၃,၆၉၀. ၁၁၄** |

## ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား (၅)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | ကြွေးမြီ | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများမှ ရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ငွေလုံး ငွေရင်းရငွေ | ပြည်ပ အကူအညီရငွေ | ထုတ်ချေး ငွေအတွက် ပြန်ရငွေ | ချေးယူ ရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ |
| **၁** | **လျှပ်စစ်နှင့် စွမ်းအင်** | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် | | | **၄၀. ၀၀၀** | | | | | | | | **၄၀. ၀၀၀** |
| ၁ | လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၄၀. ၀၀၀ | | | | | | | | ၄၀. ၀၀၀ |
| | **ပေါင်း** | | | | **၄၀. ၀၀၀** | | | | | | | | **၄၀. ၀၀၀** |

## ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား (၆)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ: ထုတ်ချေးငွေ | ကြွေးမြီ: ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုစုပေါင်း |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| **၁** | | **လျှပ်စစ်နှင့် စွမ်းအင်** | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် | **၂၄. ၄၃၄** | | | **၁၉,၇၄၅. ၅၀၀** | | | | **၁၉,၇၆၉. ၉၃၄** |
| | ၁ | လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၂၄. ၄၃၄ | | | ၁၉,၇၄၅. ၅၀၀ | | | | ၁၉,၇၆၉. ၉၃၄ |
| | | ပေါင်း | | ၂၄. ၄၃၄ | | | ၁၉,၇၄၅. ၅၀၀ | | | | ၁၉,၇၆၉. ၉၃၄ |

## စည်ပင်သာယာရေးအဖွဲ့များ

ဇယား (၇)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းများမှ ရငွေ | အခြား သာမန်ရငွေ | အတိုးရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ငွေလုံး ငွေရင်းရငွေ | ပြည်ပ အကူအညီရငွေ | ကြွေးမြီ: ထုတ်ချေး ငွေအတွက် ပြန်ရငွေ | ကြွေးမြီ: ချေးယူ ရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ | စုစုပေါင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ |
| **၁** | **စည်ပင်သာယာရေးအဖွဲ့များ** | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | **၁၆,၄၆၈. ၆၃၂** | | | | | | | | **၁၆,၄၆၈. ၆၃၂** |
| | **ပေါင်း** | | | | **၁၆,၄၆၈. ၆၃၂** | | | | | | | | **၁၆,၄၆၈. ၆၃၂** |

## စည်ပင်သာယာရေးအဖွဲ့များ

ဇယား (၈)
(ကျပ်သိန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ - သာမန်သုံးငွေ | သုံးငွေများ - အတိုးပေးငွေ | သုံးငွေများ - ထောက်ပံ့ငွေ | သုံးငွေများ - ငွေလုံးငွေရင်းသုံးငွေ | သုံးငွေများ - ကြွေးမြီ - ထုတ်ချေးငွေ | သုံးငွေများ - ကြွေးမြီ - ချေးယူရငွေအတွက် ပေးဆပ်ငွေ | သုံးငွေများ - အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | သုံးငွေများ - စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| **၁** | **စည်ပင်သာယာရေးအဖွဲ့များ** | | **၈,၄၅၇.၀၉၀** | | | **၁၀,၁၅၅.၀၀၀** | | | | **၁၈,၆၁၂.၀၉၀** |
| | | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၈,၄၅၇.၀၉၀ | | | ၁၀,၁၅၅.၀၀၀ | | | | ၁၈,၆၁၂.၀၉၀ |
| | **ပေါင်း** | | **၈,၄၅၇.၀၉၀** | | | **၁၀,၁၅၅.၀၀၀** | | | | **၁၈,၆၁၂.၀၉၀** |

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက် ( ၂၀၁၉ ခုနှစ်၊ မတ်လ ၂၉ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### စစ်ရာထူးခန့်ချုပ်ရုံး
### (ကြည်းတပ်ဌာနစု)

၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်
(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်)

အမှတ် ၂၄/၂၀၁၉ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၉၂) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

| | | |
|---|---|---|
| (၁) | နော်လာ | ကြည်း ၇၄၃၈၄ |
| (၂) | ဘေးလယ် | ကြည်း ၇၄၃၈၅ |
| (၃) | သန်းဖေ | ကြည်း ၇၄၃၈၆ |
| (၄) | ရှမ်းဗဟာဒူး | ကြည်း ၇၄၃၈၇ |

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီးလူအေး၊
စစ်ရာထူးခန့်ချုပ်၊
စစ်ရာထူးခန့်ချုပ်ရုံး။

### နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၁၄ ရက်
(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်)

အမှတ် ၁ ။ ။ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးများမှ အောက်ဖော်ပြပါ ဦးစီးအရာရှိ (၁၃) ဦးအား ၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်နေ့မှစ၍ အတည်ပြု (အမြဲတမ်း) ခန့်ထားလိုက်သည် -

| စဉ် | အမည် | တာဝန်ကျရာဒေသ |
|---|---|---|
| ၁။ | ဒေါ်လိမ်လျူးပိုင် | တမူးခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး |
| ၂။ | ဒေါ်ဆူးမြာဇာဇာ | မွန်ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး |

| စဉ် | အမည် | တာဝန်ကျရာဒေသ |
|---|---|---|
| ၃။ | ဒေါ်စုးမြာထား | ကယားပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး |
| ၄။ | ဒေါ်အေးငြိမ်းသူ | တနင်္သာရီတိုင်းဒေသကြီးဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး |
| ၅။ | ဒေါ်မိချမ်းနွှန် | မွန်ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး |
| ၆။ | ဒေါ်အိဝါဝါအောင် | ရှမ်းပြည်နယ်ရုံးဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးခွဲ (ကျိုင်းတုံ) |
| ၇။ | ဒေါ်မေသန်းနှစ် | တမူးခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး |
| ၈။ | ဦးသန့်ဇင်ဦး | ဗန်းမော်ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး |
| ၉။ | ဦးသွင်လမ့်ပြောင် | ဖလမ်းခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး |
| ၁၀။ | ဦးအောင်ဆန်း (၁) | ရှမ်းပြည်နယ်ရုံးဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးခွဲ (ကျိုင်းတုံ) |
| ၁၁။ | ဦးကျော်မင်းနိုင် | ကချင်ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး |
| ၁၂။ | ဦးမိုင်းမြတ်အောင် | ရှမ်းပြည်နယ်ရုံးဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးခွဲ (လားရှိုး) |
| ၁၃။ | ဦးဝင်းကိုကို | ကော့သောင်းခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး |

ရဲနိုင်၊
ညွှန်ကြားရေးမှူးချုပ်၊
နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန။

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

## အမိန့်ကြော်ငြာစာ (၁၄/၂၀၁၉)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ ပြာသိုလပြည့်ကျော် ၁၂ ရက်
(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်)

ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်၊ အကွက်အမှတ်/အမည်-၂၀၉/တာဝတိံသာရပ်၊ ဦးပိုင်အမှတ်-၂၃ က၊ မြေကွက်အမှတ်-၂၃/၂၉ ရှိ **မြေဧရိယာ (၃. ၀၇၉) ဧက** အား **ဗုဒ္ဓဂါယာပရိယတ္တိစာသင်တိုက်** သာသနာမြေအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၁၅/၂၀၁၉)

နေပြည်တော်၊ ၁၃၈၀ ပြည့်နှစ်၊ တပို့တွဲလဆန်း ၇ ရက်
(၂၀၁၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်)

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ဒီပဲယင်းမြို့နယ်၊ ဆူးတပ်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည်-၁၉၃၁/ဆူးတပ်၊ မြေကွက်အမှတ် (၃၁၉၊ ၅၂၆၊ ၅၄၁၊ ၅၄၂၊ ၅၄၃)၊ **မြေဧရိယာ (၀. ၅၅) ဧက** အား **ရွှေနဂါးဘုန်းတော်ကြီးကျောင်း** သာသနာမြေအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

မြင့်သန်း၊
ခေတ္တညွှန်ကြားရေးမှူးချုပ်၊
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၀ ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၉ ရက် ( ၂၀၁၉ ခုနှစ်၊ မတ်လ ၂၉ ရက် ) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

### မင်းဓမ္မ ဟဲဗီး အင်(န်)ဒပ်စထရီး ယဲ(လ်) ကုမ္ပဏီလီမိတက်
### (MIN DHAMA HEAVY INDUSTRIAL COMPANY LIMITED)

မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ - ၃၄၈ အရ
ကုမ္ပဏီတွင်ပါဝင်သူများက ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းခြင်း

(က) ၂၀၁၉ ခုနှစ်၊ မတ်လ (၂၇) ရက်နေ့တွင် ကုမ္ပဏီရုံးခန်းတွင် ကျင်းပပြုလုပ်သော အစုရှယ်ယာရှင်များ၏ အထွေထွေအစည်းအဝေးမှ အောက်ပါအတိုင်း အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပြီးဖြစ်ပါသည်။

(၁) **မင်းဓမ္မ ဟဲဗီး အင်(န်)ဒပ်စထရီး ယဲ(လ်) ကုမ္ပဏီလီမိတက် (MIN DHAMA HEAVY INDUSTRIAL COMPANY LIMITED)** အား (၂၇-၃-၂၀၁၉) ရက်နေ့မှစ၍ ကုမ္ပဏီတွင် ပါဝင်သူများ၏ ဆန္ဒအလျောက်ဖျက်သိမ်းရန် ဆုံးဖြတ်ကြပါသည်။

(၂) ကုမ္ပဏီသည် ကိစ္စရပ်များအား စာရင်းရှင်းလင်းဖျက်သိမ်းရန်နှင့် ကုမ္ပဏီ၏ ရရန်ပိုင်ခွင့်များအား ခွဲဝေပေးရန်အတွက် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများ အဖြစ် ခန့်အပ်ကြပါသည်။

| | |
|---|---|
| ဦးအီးနုစ် (တရားလွှတ်တော်ရှေ့နေ) | ဒေါ်မိုးမိုးအေး |
| YE NOOS & ASSOCIATES (Law Firm) | (B.Com, Dip I.F.R, Diploma in Business Law) |
| စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ | တွဲဖက်စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |
| | အမှတ်-၁၇၆ (ပထမထပ်)၊ ဗိုလ်တထောင်ဘုရားလမ်း၊ |
| | ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| | ဖုန်း - ၂၉၆၁၃၂၊ ၃၉၇၂၃၄၊ ၃၉၇၂၃၅။ |

(ခ) **မင်းဓမ္မ ဟဲဗီး အင်(န်)ဒပ်စထရီး ယဲ(လ်) ကုမ္ပဏီလီမိတက် (MIN DHAMA HEAVY INDUSTRIAL COMPANY LIMITED)** မှ ရရန်နှင့် ပေးရန်ရှိသည်များကို ၂၀၁၉ ခုနှစ်၊ ဧပြီလ (၂၇) ရက်နေ့ကို နောက်ဆုံးထား၍ အထက်ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများထံ တောင်းခံခြင်းများနှင့် ပေးသွင်းခြင်းများပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ချိုရီလွင် (ဒါရိုက်တာ)
MIN DHAMA HEAVY INDUSTRIAL COMPANY LIMITED

NOTICE

Commencement of Winding Up of the Affairs of

**South East Shipping Co., Ltd**
**(Yangon Branch)**

In pursuant of Section 55 of Myanmar Companies Law, I hereby given notice that **South East Shipping Co., Ltd (Yangon Branch)** will commence the winding up its affairs in Myanmar on 29th March, 2019.

I, the undersigned Liquidator of the above named Company, have fixed 29th April, 2019 as the day on or before which the creditors of the Company are to prove their debts or claims otherwise they will be excluded from the benefit of any distribution made before such debts are proved.

All persons claiming to be creditors of the above Company are, therefore, requested to submit details of their claims together with any documentary evidence in their possession, to the Liquidator at the address given below, before the above date.

U Papo Ganesan
[B.A (English), R.L]
Advocate (Registration No. 4647)
Khin Su Htay & Associates
Legal and Tax Consultants Ltd
Liquidator

Building No. C 1, Room No. 005, Ground Floor, Hninnsi Street,
Yuzana Highway Complex, Kamayut Township, Yangon, Myanmar.

**Save Life R.O Tech (1999) Co.,Ltd**

မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေပုဒ်မ ၃၅၇ အရ
ကုမ္ပဏီအား အပြီးသတ်စာရင်းရှင်းလင်းဖျက်သိမ်းမည်ဖြစ်ကြောင်း
ကြေညာချက်

၁။ အထက်ဖော်ပြပါ ကုမ္ပဏီလီမိတက် အစုရှင်များ၏ အပြီးသတ်နှင့် နောက်ဆုံးအစည်းအဝေးအား ၂၉-၄-၂၀၁၉ ရက်နေ့ နံနက် (၁၁း၀၀) နာရီတွင် ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းတောင်ရပ်ကွက်၊ မြေနီကုန်းဈေးလမ်း၊ အမှတ် ၁၅/အေတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ယင်းအစည်းအဝေးတွင် ကုမ္ပဏီလီမိတက်၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိဖြစ်သော ဦးခင်ဝင်း (ဥပဒေအကျိုးဆောင် စဉ်-၂၆၅၇) က ကုမ္ပဏီလီမိတက်၏ စာရင်းရှင်းလင်းဖျက်သိမ်းရေး အခြေအနေများကိုတင်ပြကာ ကုမ္ပဏီအား အပြီးသတ် စာရင်းရှင်းလင်းဖျက်သိမ်းမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ အစုရှင်များအားလုံး မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ဦးခင်ဝင်း
[B.A, H.G.P, R.L, D.B.L, D.I.L, D.M.L,
P.G.D.I.T (New Delhi), D.Jap, M.P.Am, M.A (B.L)]
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

(ရုံး) အမှတ် ၁၇၅ (ပထမထပ်)၊ ၄၈ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
(အိမ်) အမှတ် ၄ (က)၊ ပိတောက်လမ်း၊ (၆) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ဖုန်း- ၀၉-၅၀၀၈၅၈၃။

## D TECH SERVICES COMPANY LIMITED ၏

ဖျက်သိမ်းရန် ကြေညာချက်

၁။ **D TECH SERVICES COMPANY LIMITED** ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက် ဖျက်သိမ်းရန် (၂၈. ၃. ၂၀၁၉) နေ့က ကုမ္ပဏီရုံးတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေ အစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ်-၅၀၊ (ပ)ထပ်၊ အခန်း (စီ-၁)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့နေ **ဦးချန္ဒရာ** [B.Sc, H.G.P, LL.B, M.A (Business Law), PGDL] (တရားလွှတ်တော်ရှေ့နေ) [၁၂/သကတ (နိုင်) ၁၁၈၄၉၃] အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့် ရရန်ရှိသည်များကို (၁) လအတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဦးနိုင်ထွဋ်အောင်
မန်နေးဂျင်းဒါရိုက်တာ
D TECH SERVICES COMPANY LIMITED

ဦးချန္ဒရာ
တရားလွှတ်တော်ရှေ့နေ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## WIN MYAT NADI COMPANY LIMITED ၏

ဖျက်သိမ်းရန် ကြေညာချက်

၁။ **WIN MYAT NADI COMPANY LIMITED** ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက် ဖျက်သိမ်းရန် (၂၈. ၃. ၂၀၁၉) နေ့က ကုမ္ပဏီရုံးတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေ အစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ်-၅၀၊ (ပ)ထပ်၊ အခန်း (စီ-၁)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့နေ **ဦးချန္ဒရာ** [B.Sc, H.G.P, LL.B, M.A (Business Law), PGDL] (တရားလွှတ်တော်ရှေ့နေ) [၁၂/သကတ (နိုင်) ၁၁၈၄၉၃] အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့် ရရန်ရှိသည်များကို (၁) လအတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဦးဝင်းထွဋ်နိုင်
မန်နေးဂျင်းဒါရိုက်တာ
WIN MYAT NADI COMPANY LIMITED

ဦးချန္ဒရာ
တရားလွှတ်တော်ရှေ့နေ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## LINN LET PYI TAW COMPANY LIMITED ၏

ဖျက်သိမ်းရန် ကြေညာချက်

၁။ **LINN LET PYI TAW COMPANY LIMITED** ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက် ဖျက်သိမ်းရန် (၂၈. ၃. ၂၀၁၉) နေ့က ကုမ္ပဏီရုံးတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေ အစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ်-၅၀၊ (ပ)ထပ်၊ အခန်း (စီ-၁)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့နေ **ဦးချန္ဒရာ** [B.Sc, H.G.P, LL.B, M.A (Business Law), PGDL] (တရားလွှတ်တော်ရှေ့နေ) [၁၂/သကတ (နိုင်) ၁၁၈၄၉၃] အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့် ရရန်ရှိသည်များကို (၁) လအတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဦးဝင်းထွဋ်နိုင်
မန်နေးဂျင်းဒါရိုက်တာ
LINN LET PYI TAW COMPANY LIMITED

ဦးချန္ဒရာ
တရားလွှတ်တော်ရှေ့နေ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## MYAT THINGAHA COMPANY LIMITED ၏

ဖျက်သိမ်းရန် ကြေညာချက်

၁။ **MYAT THINGAHA COMPANY LIMITED** ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက် ဖျက်သိမ်းရန် (၂၈. ၃. ၂၀၁၉) နေ့က ကုမ္ပဏီရုံးတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေ အစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ်-၅၀၊ (ပ)ထပ်၊ အခန်း (စီ-၁)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့နေ **ဦးချန္ဒရာ** [B.Sc, H.G.P, LL.B, M.A (Business Law), PGDL] (တရားလွှတ်တော်ရှေ့နေ) [၁၂/သကတ (နိုင်) ၁၁၈၄၉၃] အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့် ရရန်ရှိသည်များကို (၁) လအတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဦးကြင်ဝင်း
မန်နေးဂျင်းဒါရိုက်တာ
MYAT THINGAHA COMPANY LIMITED

ဦးချန္ဒရာ
တရားလွှတ်တော်ရှေ့နေ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

## AUNG SHWE PYI TAW COMPANY LIMITED ၏

ဖျက်သိမ်းရန် ကြေညာချက်

၁။　**AUNG SHWE PYI TAW COMPANY LIMITED** ကိုအစုရှင်များ၏ဆန္ဒအရ အလိုအလျောက် ဖျက်သိမ်းရန် (၂၈. ၃. ၂၀၁၉) နေ့က ကုမ္ပဏီရုံးတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေ အစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။　ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ်-၅၀၊ (ပ)ထပ်၊ အခန်း (စီ-၁)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့နေ **ဦးချန္ဒရာ** [B.Sc, H.G.P, LL.B, M.A (Business Law), PGDL] (တရားလွှတ်တော်ရှေ့နေ) [၁၂/သကတ (နိုင်) ၁၁၈၄၉၃] အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။　သို့ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့် ရရန်ရှိသည်များကို (၁) လအတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| ဦးအောင်မြင့် | ဦးချန္ဒရာ |
| မန်နေးဂျင်းဒါရိုက်တာ | တရားလွှတ်တော်ရှေ့နေ |
| AUNG SHWE PYI TAW COMPANY LIMITED | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |

## PACIFIC DRAGON INTERNATIONAL SERVICES COMPANY LIMITED ၏

ဖျက်သိမ်းရန် ကြေညာချက်

၁။　**PACIFIC DRAGON INTERNATIONAL SERVICES COMPANY LIMITED** ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက် ဖျက်သိမ်းရန် (၂၈. ၃. ၂၀၁၉) နေ့က ကုမ္ပဏီရုံးတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။　ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ်-၅၀၊ (ပ)ထပ်၊ အခန်း (စီ-၁)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့နေ **ဦးချန္ဒရာ** [B.Sc, H.G.P, LL.B, M.A (Business Law), PGDL] (တရားလွှတ်တော်ရှေ့နေ) [၁၂/သကတ (နိုင်) ၁၁၈၄၉၃] အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။　သို့ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့် ရရန်ရှိသည်များကို (၁) လအတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| ဒေါ်ဝေဝေရင် | ဦးချန္ဒရာ |
| မန်နေးဂျင်းဒါရိုက်တာ | တရားလွှတ်တော်ရှေ့နေ |
| PACIFIC DRAGON INTERNATIONAL SERVICES COMPANY LIMITED | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |

## MYINT MYAT PYI TAW COMPANY LIMITED ၏
## ဖျက်သိမ်းရန် ကြေညာချက်

၁။ **MYINT MYAT PYI TAW COMPANY LIMITED** ကို အစုရှင်များ၏ဆန္ဒအရအလိုအလျောက် ဖျက်သိမ်းရန် (၂၈. ၃. ၂၀၁၉) နေ့က ကုမ္ပဏီရုံးတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေ အစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ်-၅၀၊ (ပ)ထပ်၊ အခန်း (စီ-၁)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့နေ **ဦးချန္ဒရာ** [B.Sc, H.G.P, LL.B, M.A (Business Law), PGDL] (တရားလွှတ်တော်ရှေ့နေ) [၁၂/သကတ (နိုင်) ၁၁၈၄၉၃] အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့် ရရန်ရှိသည်များကို (၁) လအတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| ဦးကြင်ဝင်း | ဦးချန္ဒရာ |
| မန်နေးဂျင်းဒါရိုက်တာ | တရားလွှတ်တော်ရှေ့နေ |
| MYINT MYAT PYI TAW COMPANY LIMITED | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |

## AYE CHAN TAW WIN COMPANY LIMITED ၏
## ဖျက်သိမ်းရန် ကြေညာချက်

၁။ **AYE CHAN TAW WIN COMPANY LIMITED** ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက် ဖျက်သိမ်းရန် (၂၈. ၃. ၂၀၁၉) နေ့က ကုမ္ပဏီရုံးတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေ အစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ်-၅၀၊ (ပ)ထပ်၊ အခန်း (စီ-၁)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့နေ **ဦးချန္ဒရာ** [B.Sc, H.G.P, LL.B, M.A (Business Law), PGDL] (တရားလွှတ်တော်ရှေ့နေ) [၁၂/သကတ (နိုင်) ၁၁၈၄၉၃] အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့် ရရန်ရှိသည်များကို (၁) လအတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| ဒေါ်စိမ်းလဲ့လဲ့အောင် | ဦးချန္ဒရာ |
| မန်နေးဂျင်းဒါရိုက်တာ | တရားလွှတ်တော်ရှေ့နေ |
| AYE CHAN TAW WIN COMPANY LIMITED | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |

## GOOD FORTUNE GARMENT COMPANY LIMITED ၏

ဖျက်သိမ်းရန် ကြေညာချက်

၁။ **GOOD FORTUNE GARMENT COMPANY LIMITED** ကို အစုရှင်များ၏ဆန္ဒအရ အလိုအလျောက် ဖျက်သိမ်းရန် (၂၈. ၃. ၂၀၁၉) နေ့က ကုမ္ပဏီရုံးတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက် ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ်-၁၈၁/၁၈၃၊ ပထမထပ်၊ အခန်း (၃၀၃)၊ (၄) လွှာ၊ ၃၄-လမ်း (အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့နေ **ဒေါ်ချိုချိုမြင့်** [B.Com (Q), C.P.A, Dip in Business Law] (စာရင်းစစ်) [၈/ခမန (နိုင်) ၀၀၆၅၇၆] အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံ ပေးရန်နှင့် ရရန်ရှိသည်များကို (၁) လအတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| ဦးဆင်မရန်းဆင်း(ခ)ဦးဆွိနီ | ဒေါ်ချိုချိုမြင့် |
| ဒါရိုက်တာ | စာရင်းစစ် |
| GOOD FORTUNE GARMENT COMPANY LIMITED | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |

## ဧရာရွှေဝါရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်

## (Ayer Shwe Wah Trading Company Limited)

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပုဒ်မ ၂၀၆ (၁) အရ

ကုမ္ပဏီကို အစုရှယ်ယာရှင်များဆန္ဒအလျောက်ဖျက်သိမ်းရန် ကြော်ငြာခြင်း

၁။ **ဧရာရွှေဝါရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်** ကို အစုရှင်များ၏ ဆန္ဒအရ အလိုအလျောက်ဖျက်သိမ်းရန် (၂၂. ၃. ၂၀၁၉) ရက်နေ့က ကုမ္ပဏီတွင်ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် **ဦးစိန်ကျော်ဝင်း (B.Com, C.P.A)**၊ အမှတ် (၁၉၆/ခ)၊ စပယ်ခြံ (၄) လမ်း၊ (၁၁) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ အား တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်ထားရန်ဆုံးဖြတ်ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို (၂၂. ၄. ၂၀၁၉) ရက်နေ့ထက် နောက်မကျစေဘဲ ဖော်ပြပါ တရားဝင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| ဒေါ်သင်းသင်းခိုင် | ဦးစိန်ကျော်ဝင်း |
| မန်နေးဂျင်းဒါရိုက်တာ | (B.Com, C.P.A) |
| ဧရာရွှေဝါရောင်းဝယ်ရေး ကုမ္ပဏီလီမိတက် | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |
| ဒါရိုက်တာအဖွဲ့ (ကိုယ်စား) | ဖုန်း - ၀၁-၅၀၇၁၁၇ |

## အိတ်(ချ်)အေ လော်ဂျက်စတစ် မြန်မာ ကုမ္ပဏီလီမိတက်
## (H-A Logistics Myanmar Co., Ltd)
အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း

၂၀၁၉ ခုနှစ်၊ မတ်လ (၄) ရက်နေ့တွင် ကုမ္ပဏီရုံးခန်း၌ကျင်းပပြုလုပ်သော အဖွဲ့ဝင်များ၏ အထူး အစည်းအဝေးဆုံးဖြတ်ချက်အရ **အိတ်(ချ်)အေ လော်ဂျက်စတစ် မြန်မာ ကုမ္ပဏီလီမိတက် (H-A Logistics Myanmar Co., Ltd)** အား (၄. ၃. ၂၀၁၉) ရက်နေ့မှစ၍ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆုံးဖြတ်ခဲ့ပြီး ဖြစ်ပါသည်။ ယင်းသို့ စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဦးသောင်းအေး [B.A, C.P.A (R.A)] အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်လိုက်ပါသည်။

ကုမ္ပဏီမှ ရရန်ရှိနှင့် ပေးရန်ရှိသည်များကို ၂၀၁၉ ခုနှစ်၊ ဧပြီလ (၂၉) ရက်နေ့ကို နောက်ဆုံးထား၍ အောက်ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံ တောင်းခံခြင်းများ၊ ပေးသွင်းခြင်းများ ပြုလုပ်နိုင်ကြောင်း ကြေညာအပ်ပါသည်။

THWE THWE MYINT
MANAGING DIRECTOR
H-A LOGISTICS MYANMAR CO., LTD

ဦးသောင်းအေး
[B.A, C.P.A (R.A)]
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အခန်း (၄၀၆)၊ ဗိုလ်မြတ်ထွန်းတာဝါ၊
ဗိုလ်မြတ်ထွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၂၅၅၅၉၄၃၅၃

## Grand Guardian Insurance Public Company Limited
မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေပုဒ်မ ၅၈ (ခ) အရ ကြေညာလွှာ

အထက်ပါ ကုမ္ပဏီ၏ အမည်အား **Grand Guardian General Insurance Company Limited** သို့ အမည်ပြောင်းလဲပြီး အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီတစ်ခုမှ အများနှင့်မသက်ဆိုင်သည့် ကုမ္ပဏီတစ်ခုအဖြစ်သို့ ကုမ္ပဏီအမျိုးအစားပြောင်းလဲမည် ဖြစ်ပါသည်။

အထက်ပါ ကုမ္ပဏီ၏ အမည်ပြောင်းလဲခြင်း၊ ကုမ္ပဏီအမျိုးအစားပြောင်းလဲခြင်း၊ ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ ပြောင်းလဲခြင်းဆိုင်ရာ အသေးစိတ်အချက်အလက်များကို မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေပုဒ်မ ၅၈ (ခ) အရ မှတ်ပုံတင်အရာရှိထံသို့ တင်ပြထားကြောင်း နိုင်ငံတော်ပြန်တမ်း၌ ထည့်သွင်းဖော်ပြပြီးနောက် ၂၈ ရက်အတွင်း မှတ်ပုံတင်အရာရှိသည် ကုမ္ပဏီက တင်ပြသည့်လျှောက်ထားမှုကို ပုဒ်မခွဲ ၅၈ (က) နှင့်အညီဖြစ်ကြောင်း ကျေနပ်လက်ခံပြီး တရားရုံး၏ အမိန့်တစ်ရပ်ရပ်အရ တားမြစ်ခြင်း မရှိလျှင် ကုမ္ပဏီ၏ မှတ်ပုံတင်ထားသော ကုမ္ပဏီအမျိုးအစားပြောင်းလဲခြင်းဆိုင်ရာ အသေးစိတ်အချက်အလက်များကို ပြောင်းလဲပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးရဲမြင့်
ဒါရိုက်တာ
အမှတ် (၁၉/၂၀)၊ အေ၊ ဘီ၊ စီ၊ ဒီ၊ Junction Square
ပြည်လမ်း၊ ရန်ကုန်မြို့။

ပ၊ ထ၊ န - အမှတ် ၅၅၇/၁၈-၁၉/ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန/စောင်ရေ - ၂၀၀၀/၂၉-၃-၂၀၁၉။